မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

တိုင်းပြည်၏ စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည့် မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၄၄)

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။


၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အထူးမိုးလေဝသ သတင်း

# မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းဖြစ်ပေါ်နိုင်




နေပြည်တော် ဒီဇင်ဘာ ၁၇

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းမှ ပြတ်ထွက်လာသော စာမျက်နှာ ၆ ကော်လံ ၁ ●

# ၂၀၂၄ ခုနှစ် ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများ ဆက်လက်ကျင်းပ

၈ - ၁၆ သို့




ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့်ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်စဉ်။

# ၂၀၂၄ ခုနှစ် ပဋ္ဌမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဒီဇင်ဘာ ၁၇

၂၀၂၄ ခုနှစ် ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။ စာမျက်နှာ ၁၁ ကော်လံ ၁ ■

## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၈ ရက်)

# လူမှုစီးပွားဘဝဖွံ့ဖြိုးရေး သမဝါယမကဆောင်ရွက်ပေး

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့သည် သမဝါယမဦးစီးဌာန နှစ်ပေါင်း(၁၂၀)ပြည့် နှစ်ပတ်လည်နေ့ဖြစ်ပြီး သတ်မှတ်ထားသောဆောင်ပုဒ်မှာ“လူမှုစီးပွားဘဝဖွံ့ဖြိုးရေးသမဝါယမကဆောင်ရွက်ပေး”ဟူ၍ ဖြစ်သည်။ လူသားတို့၏ နေ့စဉ်လူနေမှုဘဝတွင် စားဝတ်နေရေးသည် အရေးကြီးဆုံးဖြစ်သည်။ စားဝတ်နေရေးပြေလည်စေဖို့အတွက် စီးပွားရေးရှာဖွေကြရသည်။ စီးပွားရေးကောင်းလျှင်ကောင်းသလောက် လူမှုစီးပွားဖွံ့ဖြိုးမည်ဖြစ်သလို စီးပွားရေးမကောင်းပါက လူမှုစီးပွားဖွံ့ဖြိုးမှုနည်းပါးမည်ဖြစ်သည်။ မိမိတို့၏ကာယအား ဉာဏအားအပေါ်တွင်မူတည်သကဲ့သို့ အသိုက်အဝန်းကောင်းမွန်ရေးအပေါ်တွင်လည်းမူတည်သည်။ အသိုက်အဝန်းကောင်းဆိုသည်မှာ မိမိနှင့်စိတ်တူကိုယ်တူအကျိုးတူပူးပေါင်းဆောင်ရွက်မည့်အဖွဲ့အစည်းဖြစ်သည်။ ယနေ့အချိန်အခါတွင် အသိုက်အဝန်းကောင်းဆိုသည်မှာ သမဝါယမအသင်းများကိုညွှန်းဆိုလိုခြင်းဖြစ်သည်။ အသင်းတွင်ပါဝင်သူအားလုံးက ကျရာတာဝန်ကို ကျေပွန်ကြရမည်ဖြစ်သည်။

မြန်မာအဘိဓာန်တွင် သမဝါယမဟူသောအသုံးအနှုန်းကို အများစုပေါင်း၍ ကုန်ထုတ်/ကုန်ရောင်း စသည် လုပ်ကိုင်၍ တရားသဖြင့်ရသည့်အကျိုးအမြတ်ကို မျှတစွာခံစားသည့်လုပ်ငန်းဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ သမဝါယမဆိုသည်မှာ ပါဠိစကားဖြစ်၍ သမ=မျှတခြင်း၊ ဝါ၊ ယမ= လုံ့လအားထုတ်ခြင်းဟူ၍ အနက်ရသည်။ သမဝါယမစနစ်သည် ညီမျှခြင်း၊ မျှတခြင်း၊ အများဆန္ဒကိုလေးစားခြင်း၊ မိမိဆန္ဒအလျောက်ပါဝင်ဆောင်ရွက်ခြင်း၊ အပြန်အလှန်ရိုင်းပင်းကူညီခြင်း၊ စီးပွားရေး၊ လူမှုရေးဒုက္ခများမှ လွတ်မြောက်အောင် အလေးအနက်ခံယူကျင့်သုံးခြင်းဟူသည့် အခြေခံမူများနှင့်ဆောင်ရွက်သည့်စနစ်ဖြစ်သည်။ **တစ်ဦးစီ၏အကျိုးကို အများက၊ အများအကျိုးကို တစ်ဦးစီက ပူးပေါင်းဆောင်ရွက်ခြင်း**သည် သမဝါယမ၏ဆောင်ပုဒ်ဖြစ်သည်။

မြန်မာနိုင်ငံကဲ့သို့ ကျေးလက်ဒေသနေပြည်သူအများစုရှိသည့် နိုင်ငံအတွက် သမဝါယမလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်မှာ မှန်ကန်သောလုပ်ဆောင်ချက်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏စီးပွားရေးဦးတည်ချက်များတွင် “တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကိုအားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးနှင့် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိကြိုးပမ်းဆောင်ရွက်ရေး” ဟူ၍ ချမှတ်ထားရာ အဆိုပါဦးတည်ချက်အောင်မြင်ရေးတွင် သမဝါယမလုပ်ငန်းများ၏ စွမ်းဆောင်မှုသည်လည်း အဓိကကျလှပေသည်။

မြန်မာနိုင်ငံတွင် သမဝါယမအသင်းဥပဒေကို ၁၉၇၀ ပြည့်နှစ် မေလ ၂၈ ရက်နေ့တွင် ပြဋ္ဌာန်းကျင့်သုံးခဲ့သည်။ အဆိုပါဥပဒေအရ လုပ်ငန်းများကို ဆိုရှယ်လစ်စီးပွားရေးစီမံကိန်းဘောင်အတွင်းမှ ဆောင်ရွက်ကြရသည်။ သမဝါယမအသင်းများသည် နိုင်ငံတော်၏ လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ ဆောက်လုပ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေး၊ အိမ်ငှား၊ ပြည်တွင်းလက်ကား/လက်လီကုန်သွယ်ရေးကဏ္ဍများအားလုံးတွင် ပါဝင်ဆောင်ရွက်ခဲ့ကြရသည်။ ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် ၁၉၇၀ ပြည့်နှစ် ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်းဥပဒေပါပုဒ်မအချို့အား ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပြင်ဆင်ခြင်း၊ အစားထိုးခြင်းများပြုလုပ်ခဲ့သည်။ထို့နောက် ၁၉၉၂ ခုနှစ်၊ သမဝါယမဥပဒေအား ပြဋ္ဌာန်းခဲ့သည်။

မျက်မှောက်ခေတ်သမဝါယမအသင်းများသည် လူအချင်းချင်းပူးပေါင်းပြီး ပါဝင်သူများ၏ လူမှုရေးနှင့် စီးပွားရေးကိုမြှင့်တင်ပေးနိုင်ရန် ဆောင်ရွက်သည့်အသင်းအဖွဲ့ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် လူကို အခြေခံထားပြီး လူ၏တန်ဖိုးများကိုအလေးထားသည့် လူ့ကျင့်ဝတ်များကို ထိန်းသိမ်းလိုက်နာစေသည့် လူမှုစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအသင်းအဖြစ် ဖွဲ့စည်းဆောင်ရွက်ခြင်းဖြစ်သည်။ ပြောင်းလဲလာသည့် ဥပဒေနှင့်အညီ စိတ်တူကိုယ်တူဆန္ဒတူများဖြင့်ပူးပေါင်းပါဝင်သည့် သမဝါယမအသင်းများကို အသင်းသားများ၏ဆန္ဒနှင့်အညီဖွဲ့စည်းပေးပြီး အမှုဆောင်အဖွဲ့ကိုလည်း ဒီမိုကရေစီနည်းလမ်းကျကျဖြင့် ရွေးချယ်တင်မြှောက်သည်။ စီးပွားရေးလုပ်ငန်းများကိုလည်း အသင်းသားများ၏ဆန္ဒနှင့်အညီ ထုတ်လုပ်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလုပ်ငန်းများကိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏လူမှုစီးပွားရေးတည်ဆောက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ဖွဲ့စည်းခဲ့ပြီးသော အသင်းဟောင်းများထဲမှ အမှန်တကယ်အလုပ်လုပ်ကိုင်လိုသူများအား စည်းရုံးပြီး စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း ၁၆၁၇ သင်း၊ မွေးမြူရေးနှင့် အထွေထွေသမဝါယမအသင်းသစ် ၇၉ သင်း၊ ကုန်ထုတ်လုပ်မှုသမဝါယမအသင်း ၄၃၀၊ ဝန်ဆောင်မှုသမဝါယမအသင်း ၄၆ သင်း၊ ကုန်သွယ်မှုသမဝါယမအသင်း ၁၀၇ သင်းအားဖွဲ့စည်း၍ မှတ်ပုံတင်ပေးခဲ့သည်။ ယနေ့အထိ ကဏ္ဍအလိုက် ထုတ်လုပ်မှုသမဝါယမအသင်း ၃၁၉၆၃ သင်း၊ ဝန်ဆောင်မှုသမဝါယမအသင်း ၃၅၅၆ သင်းနှင့် ကုန်သွယ်မှုသမဝါယမအသင်း ၃၁၄၀ ကို ဖွဲ့စည်းဆောင်ရွက်ထားရှိကြောင်း သိရှိရသည်။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် သမဝါယမကဏ္ဍဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်ကို ရေးသားတင်ပြလိုက်ရပေသည်။ ။




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ
## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

- (က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
- (ခ) နိုင်ငံ့ဝန်ထမ်းများ။
- (ဂ) ပညာသင်ကြားနေသူများ။
- (ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။
- (င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။
- (စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

- (က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
- (ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
- (ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
- (ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
- (င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## သဇင် (FM)အသံလွှင့်အစီအစဉ်

၁၈-၁၂-၂၀၂၄(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News
၂။ ၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၅:၃၅ Happy Zone
၆။ ၂၁:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် အားကစားသမားများနှင့်နည်းပြများ၏ စကားသံများ

၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သတ်မှတ်နေရာအသီးသီးတွင် ဆက်လက်ကျင်းပလျက်ရှိရာ သက်ဆိုင်ရာအားကစားနည်းအလိုက် တာဝန်ရှိသူများနှင့် ပါဝင်ယှဉ်ပြိုင်ကြသူများအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်-



ဦးဖုန်းကျော်ဦး



ကိုနီလန်း



ကိုအေးမီလွင်



မောင်ရထိုက်ဝေ



မဇင်ဝေအောင်



ဦးကျော်သီဟ



မနန်းဇော်ထိပ်ထားအောင်

**ဦးဖုန်းကျော်ဦး**
**စားပွဲတင်တင်းနစ်အသင်းနည်းပြ**
**မွန်ပြည်နယ်ကိုယ်စားပြု**

ကျွန်တော်တို့ မွန်ပြည်နယ်ကိုယ်စားပြု စားပွဲတင်တင်းနစ်အသင်းအနေနဲ့ ဒီပြိုင်ပွဲဝင်ဖို့ နှစ်လကျော်ကျော်လောက် စခန်းသွင်းလေ့ကျင့်ခဲ့တာဖြစ်ပါတယ်။ အခုပြိုင်ပွဲမှာ မွန်ပြည်နယ်က ဝင်ပြိုင်တဲ့ စားပွဲတင်တင်းနစ်ပြိုင်ပွဲဝင်တွေထဲမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်ပြိုင်ပွဲအတွေ့အကြုံရှိတဲ့ ကစားသမားသုံးယောက်ပဲပါပြီး ကျန်တဲ့ ကစားသမားတွေကတော့ အခုပွဲမှ စတင်ယှဉ်ပြိုင်ကြတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မွန်ပြည်နယ်ကိုယ်စားပြု စားပွဲတင်တင်းနစ်အသင်းအနေနဲ့ ၂၀၂၂ ခုနှစ်က တိုင်းဒေသကြီးနဲ့ပြည်နယ်အဆင့် အားကစားပြိုင်ပွဲ အသင်းလိုက်အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲမှာ ဆုတံဆိပ်တွေရခဲ့ပါတယ်။ မွန်ပြည်နယ်ကိုယ်စားပြု စားပွဲတင်တင်းနစ်ပြိုင်ပွဲဝင် အရေအတွက်ကတော့ အမျိုးသား ငါးယောက်၊ အမျိုးသမီးလေးယောက်ပေါင်း ကိုးယောက်နဲ့ ယှဉ်ပြိုင်နေတာ ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်အသင်းတိုင်းကတော့ ကောင်းကြပါတယ်။ အနိုင်အရှုံးရလဒ်ကတော့ ကြိုးစားမှုအပြင် ကံကြမ္မာလည်းပါပါတယ်။ ကစားသမားတွေက လက်ရည်ကောင်းတယ်။ ယှဉ်ပြိုင်ရတဲ့ပွဲကနည်းနေလို့ ကစားသမားတွေအတွက် အခက်တွေ့နေတာဖြစ်ပါတယ်။ နည်းစနစ်ပိုင်းထက် ပုံမှန်လေး လေ့ကျင့်နေမှ ဘောလုံးနဲ့ အမြဲတမ်းထိတွေ့နေမှ ကစားသမားကောင်းတစ်ဦးဖြစ်လာမှာပါ။ ဒါကြောင့် ကစားသမားကောင်း တစ်ဦးဖြစ်ဖို့ လေ့ကျင့်မှုတွေ လိုအပ်သလို ပြိုင်ပွဲတွေရှိမှလည်း လေ့ကျင့်မှုက ထိရောက်မှုရှိတာကြောင့် ပြိုင်ပွဲတွေရှိဖို့လည်း လိုအပ်တာ ဖြစ်ပါတယ်။

**ကိုနီလန်း**
**ဘိလိယက်/စနူကာ**
**အားကစားပြိုင်ပွဲဝင်**
**ကချင်ပြည်နယ်ကိုယ်စားပြု**

ကျွန်တော့်အတွက် နိုင်ငံတော်အဆင့်ကျင်းပတဲ့ အမျိုးသားအားကစားပြိုင်ပွဲမှာ ဝင်ပြိုင်ဖြစ်တာ ပထမဆုံးပွဲဖြစ်ပါတယ်။ ဒီပွဲမတိုင်ခင်က မြစ်ကြီးနားမှာ ပြိုင်ပွဲတစ်ပွဲပြိုင်ခဲ့တုန်းကလည်း ဆုတစ်ခုရခဲ့ပါသေးတယ်။ အခု အမျိုးသား အားကစားပြိုင်ပွဲမှာတော့ စနူကာ ၁၅ လုံးနှစ်ယောက်တွဲယှဉ်ပြိုင်ခဲ့ရတာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ လာရောက်ယှဉ်ပြိုင်ခွင့်ရတာ အလွန်ပဲဂုဏ်ယူမိပါတယ်။ ပထမဆုံးပွဲမှာ ဒီလောက်ထိ ထိုးနိုင်တာ တော်သေးတယ်။ ဒါမျိုးပြိုင်ပွဲတွေ များများလုပ်ပေးလေ ကျွန်တော်တို့ ကစားသမားတွေ ပိုထွက်လာလေဖြစ်တာကြောင့် ပွဲတွေကျင်းပပေးတာ ကျေးဇူးတင်ပါတယ်။ ဘိလိယက်နဲ့ စနူကာအားကစားက လွယ်လွယ်လေးနဲ့ထိုးလို့မရဘူး။ သေချာစခန်းသွင်းလေ့ကျင့်ပြီးမှ ဆရာတွေကောင်းကောင်းနဲ့ လေ့ကျင့်မှ ပြိုင်ပွဲဝင်နိုင်တာပါ။ အဲဒါတောင် အချိန်အများကြီးပေးရတဲ့ အားကစားလည်းဖြစ်ပါတယ်။ ကျွန်တော်လည်း ဒီပြိုင်ပွဲဝင်ဖို့ မြစ်ကြီးနားမှာ သုံးလလောက် အပြင်းအထန်လေ့ကျင့်ခဲ့ရတယ်။ အုပ်စုလည်း ချောင်လို့ ဒီအဆင့်ထိရောက်ခဲ့တာပါ။ ရခိုင်၊ ပဲခူး စတဲ့အသင်းတွေနဲ့ ယှဉ်ပြိုင်ခဲ့ရတာဖြစ်ပါတယ်။

**ကိုအေးမီလွင်**
**အလေးမအားကစားနည်းပြ**
**ရှမ်းပြည်နယ်ကိုယ်စားပြု**

အခု ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်မှာ ရှမ်းပြည်နယ်ကိုယ်စားပြု အလေးမအားကစားအသင်းအနေနဲ့ အောင်မြင်မှုရရှိဖို့အတွက် အလေးမအားကစားသမားတွေကို သုံးလလောက် စခန်းသွင်းလေ့ကျင့်ခဲ့ပါတယ်။ အလေးမပြိုင်ပွဲမှာ အမျိုးသား အလေးမအားကစားသမား ငါးယောက်၊ အမျိုးသမီးကစားသမားနှစ်ယောက်နဲ့ ဝင်ပြိုင်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြိုင်ဘက်ကစားသမားတွေက လူငယ်လက်ရွေးစင်အားကာ/သိပ္ပံကျောင်းက ကစားသမားတွေ၊ ကစားသမားဟောင်းတွေဖြစ်တာကြောင့် ဒီပြိုင်ပွဲမှာ ရှမ်းပြည်နယ် အလေးမအသင်းအနေနဲ့ ရွှေတံဆိပ်တစ်ခုပဲရပါတယ်။ ပြိုင်ပွဲဝင်အဆင့်ကတော့ နံပါတ်(၄)၊ နံပါတ်(၆) ဝင်ပါတယ်။ ရွှေတံဆိပ်ဆုကတော့ အမျိုးသားအလေးမပြိုင်ပွဲ ၈၁ ကီလိုတန်းက နေရခဲ့တာ ဖြစ်ပါတယ်။ အခုရွှေရတဲ့ ကစားသမားက ပြီးခဲ့တဲ့နှစ်က ကျင်းပတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ပြိုင်ပွဲမှာလည်း ရှမ်းပြည်နယ်ကိုယ်စားပြု ရွှေတံဆိပ်ဆုရခဲ့ပါသေးတယ်။ ပြိုင်ပွဲကျင်းပပေးတဲ့အတွက် ကျွန်တော်တို့ Youth Camp အနေနဲ့လည်း ကစားသမားရွေးချယ်လို့ရတယ်။ ကစားသမားတွေရဲ့စိတ်ဓာတ်တွေလည်း တက်ကြွလာမှာဖြစ်ပါတယ်။

**မောင်ရထိုက်ဝေ**
**အမျိုးသားဘော်လီဘောပြိုင်ပွဲဝင်**
**အားကစားနှင့် လူငယ်ရေးရာ**
**ဝန်ကြီးဌာနကိုယ်စားပြု**

ဒီနေ့ ယှဉ်ပြိုင်ခဲ့တဲ့ ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားအလွတ်တန်း ဘော်လီဘောပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်မှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တာဖြစ်ပါတယ်။ စီမံကိန်းနှင့်ဘဏ္ဍာရေးကိုနိုင်ခဲ့လို့နောက်ဆုံးဗိုလ်လုပွဲမှာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ ဒီဘော်လီဘောအားကစားကို တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးကတည်းက စကစားခဲ့တာဖြစ်ပါတယ်။ ပြိုင်ပွဲအတွေ့အကြုံကတော့ လက်ရွေးစင်ကစားသမားတစ်ယောက်ဖြစ်တာကြောင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွေမှာလည်း ဝင်ရောက်ကစားဖူးပါတယ်။ ဆီးဂိမ်းမှာတော့ အဆင့် (၅)၊ အဆင့် (၆) လောက်ပဲရပါတယ်။ ဆုတံဆိပ်တော့ မရဖူးသေးပါဘူး။ အခုပြိုင်ပွဲမှာ အခြားဝန်ကြီးဌာနအသင်းတွေကလည်း တော်တော်လေး ပြင်ဆင်လာတာတွေ့ရတယ်။

**မဇင်ဝေအောင်**
**အမျိုးသမီးဝူရှူး(ဆန်းဆို)**
**ပြိုင်ပွဲဝင်**
**ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု**

အခု အမျိုးသားအားကစားပွဲတော်မှာ ဝူရှူး(ဆန်းဆို)ပြိုင်ပွဲဝင်ပြိုင်ဖို့ ခြောက်လလောက်ကြာကတည်းက ကြိုတင်ပြင်ဆင်လေ့ကျင့်ခဲ့တာဖြစ်ပါတယ်။ အရင်က မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ဝူရှူးအားကစားသမားအနေနဲ့ ဝင်ပြိုင်ခဲ့တာဖြစ်ပြီး ငွေတံဆိပ်ဆုဆွတ်ခူးခဲ့တာ ဖြစ်ပါတယ်။ အားကစားလုပ်ရတာကို ငယ်ငယ်လေးကတည်းက ဝါသနာပါခဲ့တာကြောင့် အခုဝူရှူးအားကစားကို သင်ယူလေ့ကျင့်ခဲ့တာ ဖြစ်ပါတယ်။ ဝူရှူးအားကစားနည်းကို ဆက်ပြီး လေ့လာသွားဦးမှာပါ။ အများကြီးလည်း ကြိုးစားသွားမှာပါ။ အခုလိုပြိုင်ပွဲတွေ နှစ်တိုင်းကျင်းပပေးနိုင်ရင်တော့ ကစားသမားတွေအတွက် လေ့ကျင့်ပြီးသားဖြစ်တာပေါ့။ ကျင်းပပေးတာကိုလည်း ကျေးဇူးတင်ပါတယ်။ အားကစားအဆင့်အတန်းမြင့်မားဖို့ဆိုရင်တော့ အားကစားပြိုင်ပွဲရှိမှ ဖြစ်မှာပါ။

**ဦးကျော်သီဟ**
**ဝူရှူးအားကစားနည်းပြ**
**ရှမ်းပြည်နယ်ကိုယ်စားပြု**

အခုပြိုင်ပွဲက အဆင့်မြင့်တယ်၊ နိုင်ငံတကာပြိုင်ပွဲအဆင့်လောက်ရှိတဲ့အတွက် ဒီပြိုင်ပွဲ ဝင်ပြိုင်မယ့် ဝူရှူး အားကစားသမားတွေကို အနည်းဆုံး တစ်နှစ်လောက်လေ့ကျင့်ပေးခဲ့ပါတယ်။ ဝူရှူး(ထောက်လု)ပြိုင်ပွဲမှာ ပြိုင်ပွဲအမျိုးအစားတစ်ခုကို တစ်ယောက်နှုန်း ကန့်သတ်ထားတဲ့အတွက် အမျိုးသားကစားသမားငါးဦး၊ အမျိုးသမီးကစားသမားငါးဦး ပါဝင်ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ ထောက်လုပြိုင်ပွဲမှာ အဓိကပြိုင်ပွဲကြီး သုံးခုရှိပါတယ်။ အခုပြိုင်ပွဲက ပြိုင်ပွဲအားကစားသမားတွေ အတွက် စာမေးပွဲဖြေရသလိုပါပဲ။ ကိုယ့်ရဲ့ အရည်အချင်း ဘယ်လောက်ရှိတယ်ဆိုတာကို ပြသတဲ့ပြိုင်ပွဲလည်းဖြစ်ပါတယ်။ ပွဲတွေများများလုပ်မှ ကလေးတွေရဲ့ အားကစားအရည်အသွေး ဘယ်လောက်တိုးတက်လာတယ်ဆိုတာ သိရှိရမှာလည်း ဖြစ်ပါတယ်။

**မနန်းဇော်ထိပ်ထားအောင်**
**အမျိုးသမီးဝူရှူး**
**(ထောက်လု)**
**ပြိုင်ပွဲဝင်**
**ရှမ်းပြည်နယ်ကိုယ်စားပြု**

ဒီပြိုင်ပွဲဝင်ပြိုင်ဖို့ ရှမ်းပြည်နယ်တောင်ကြီးမှာ နှစ်လကျော်ကျော်လောက် နံနက်၊ ည နှစ်ချိန်စီခွဲပြီး လေ့ကျင့်ခဲ့ပါတယ်။ အခုလို နိုင်ငံတော်အဆင့်ကျင်းပတဲ့ ပြိုင်ပွဲတွေမှာတော့ တစ်ခါမှဝင်ပြိုင်ဖူးတာ မရှိပေမယ့် ပြည်နယ်မှာ ကျင်းပတဲ့ပွဲတွေမှာတော့ ဝူရှူး(ထောက်လု) ပြိုင်ပွဲကို ဝင်ပြိုင်ပါတယ်။ အဲဒီတုန်းက အငယ်တန်းမှာ ဝင်ပြိုင်တာ ရွှေတစ်ခု၊ ကြေးနှစ်ခုရခဲ့ပါတယ်။ ပြိုင်ပွဲလုပ်ပေးတာ ကောင်းပါတယ်။ ပြိုင်ဘက်ကစားသမားတွေဆိုပေမယ့်သူတို့ရဲ့ ကစားနည်းကစားဟန်တွေကိုလည်း သိရတယ်။ အတွေ့အကြုံတွေလည်း အများကြီးရပါတယ်။ ။

**တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ**
**အလင်းသစ်၊ လင်းရာမ**

# မြစ်ကိုအလျားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

ကျွန်တော့်မှာ အလွန်အမင်းနုံးနေပြီး ခြေမသယ်ချင်၊ လက်မသယ်ချင် ဖြစ်နေသည်။ ကားပြတင်းပေါက်ဘက်သို့ နေရာယူပြီး ပြတင်းဘောင်တွင် မှီနေလိုက်သည်။ မျက်လုံးလည်း မှေးစင်းလာ၏။ ပိုက်ဆံ ၂၀၀ိ/-တန် တစ်ရွက်ထုတ်ပြီး ဖင်ထိုင်ခုံပေါ်တွင် ချထားလိုက်သည်။ ကျွန်တော့်မှာ ခွေယိုင်နွမ်းလျ မလှုပ်ချင်မကိုင်ချင်ဖြစ်နေသဖြင့် စပယ်ယာပိုက်ဆံလာ ကောက်လျှင် အလွယ်တကူဖြစ်စေရန် စီစဉ်ထားခြင်းဖြစ်ပါသည်။ ကားစပယ်ယာ အနီးသို့ရောက်လာချိန်တွင် ကားခပိုက်ဆံ ၂၀၀ိ/- ကို ကျွန်တော်မေးထိုးပြလိုက်သည်။ စပယ်ယာသည် ကျွန်တော့်ကို လုံးဝ ကျေနပ်ဟန်မပြ။ ကျွန်တော် မှေးပြီးငြိမ်နေသည်ကို အကြည့်စူးစူး တစ်ချက်ကြည့်လိုက်ပြီး "ကားခလေးတောင် လက်နဲ့မပေးချင်ဘူး ဟုတ်လား"တဲ့။ ကျွန်တော်ကတော့ မလှုပ်ချင်တာနှင့် ဘာမျှပြန်မပြောခဲ့။

ကားထွက်လာပြီး လှော်ကားလမ်း မိဘာရိပ်တာဝါရှေ့ ကျောင်းကွေ့ မှတ်တိုင်သို့အရောက်တွင် ကျွန်တော် လုံးဝရပ်တည်၍ မရတော့ချေ။ ခေါင်းအရမ်းမူးလာသည်။ ရင်ဘတ်တစ်ခုလုံးလည်း ပြည့်အင့်ပြီး အရမ်း အန်ချင်လာသည်။ ခရီးသည်တွေလည်း အပြည့်မို့ မအန်ဖြစ်အောင် ကြိုးစားပြီး ချုပ်တည်းထားသည်။ မရ။ ရင်ဘတ်ထဲက အလုံးလိုက် ဆို့တက်လာသည်။ မထိန်းနိုင်သည့်အဆုံးတွင် ပြတင်းပေါက်မှ ခေါင်း ထုတ်ပြီး အန်ချလိုက်ရတော့သည်။ ခရီးသည်များ၏ မျက်လုံးအစုံမှာ ကျွန်တော့်ဆီရောက်လာကြသည်။ ကျွန်တော့်မှာ ရှက်ရမည်ကိုလည်း သတိမထားမိနိုင်။ အရုပ်ကြိုးပြတ် ဖြစ်နေခဲ့ချေပြီ။

ကျွန်တော့်မှာ မိမိခန္ဓာကိုယ်ကြီးကို ကြိုးစားပြီးထိန်းချုပ်လိုသော် လည်း မည်သို့မျှ မရတော့ချေ။ ကြာလျှင် ထိုင်ခုံပေါ်က လျှောကျပြီး ခရီးသည်များ၏ ခြေဖျားသို့ ကျွန်တော် ရောက်သွားပေတော့မည်။ (၁၈) ကွေ့မှတ်တိုင်သို့အရောက်တွင် ကျွန်တော်ကြိုးစားပြီး မတ်တတ်ရပ်လိုက် သည်။ သို့သော် ကောင်းကောင်းရပ်၍မရ။ ဒူးတွေကပါ မခိုင်တော့ချေ။ ကြံ့ရာလူကို ဆွဲကိုင်ပြီး ကားနောက်ဘက်ပေါက်က ဆင်းမည်ကြံလိုက် ၏။ အခြေအနေမဟန်သည်ကိုမြင်၍ ခရီးသည်တစ်ယောက် လှမ်းကိုင် ပေးလေသလားမသိ။ ကောင်းကောင်းမမှတ်မိတော့ချေ။ ကျွန်တော့် ခြေထောက် ကားအောက်မြေပြင်သို့ရောက်သည်နှင့် မိမိခန္ဓာကိုယ်ကို လုံးဝမထိန်းနိုင်တော့ဘဲ ဟပ်ထိုးပြီး လဲကျသွားတော့သည်။ ကျွန်တော့် ပါးစပ်ပေါက်ကလည်း မနက်ပိုင်းက စားထားသောအစာများ ပြန်ထွက် ကျလာကြသည်။

ကျွန်တော် သတိထားမိသည့်အချိန်တွင် ကွမ်းယာဆိုင်လေးတစ်ဆိုင် နားမှာ လဲကျနေသည်ကို သတိထားလိုက်မိသည်။ လူတွေ စကားပြော နေကြသံကြား၍ စဉ်းစားလိုက်မိသည်။ လက်ဖက်ရည်ဆိုင်ပဲဖြစ်လိမ့် မည်ဟု ထင်မိလိုက်ပါ၏။ (၁၈)ကွေ့မှတ်တိုင်နှင့် မလှမ်းမကမ်းရှိ အ.မ.က (၅) (ယခု အ.ထ.က-၅)တွင် ကျောင်းအုပ်စုအစည်းအဝေး မကြာခဏလုပ်ဖူး၍ ဤနေရာကို သတိထားမိခြင်းဖြစ်ပေသည်။ ကျွန်တော်လဲကျနေသော နေရာအနီးက ကွမ်းယာဆိုင်မှာ ပိတ်ထားပုံရ သည်။ ဘာအသံမျှမကြားရသလို လှုပ်ရှားမှုလည်း ဘာမျှမရှိ။ သို့သော် လက်ဖက်ရည်ဆိုင်မှ စကားပြောနေကြသံများကိုတော့ ကြားနေရသည်။

**"ကျွန်တော့်မှာ မိမိခန္ဓာကိုယ်ကြီးကို ကြိုးစားပြီးထိန်းချုပ်လိုသော်လည်း မည်သို့မျှမရတော့ချေ။ ကြာလျှင် ထိုင်ခုံပေါ်က လျှောကျပြီး ခရီးသည်များ၏ ခြေဖျားသို့ ကျွန်တော် ရောက်သွားပေတော့မည်။ (၁၈)ကွေ့မှတ်တိုင်သို့အရောက် တွင် ကျွန်တော်ကြိုးစားပြီး မတ်တတ်ရပ်လိုက်သည်။ သို့သော် ကောင်းကောင်းရပ်၍မရ။ ဒူးတွေကပါ မခိုင်တော့ ချေ။ ကြံ့ရာလူကို ဆွဲကိုင်ပြီး ကားနောက်ဘက်ပေါက်က ဆင်းမည်ကြံလိုက်၏။ အခြေအနေမဟန်သည်ကိုမြင် ၍ ခရီးသည်တစ်ယောက် လှမ်းကိုင်ပေးလေသလားမသိ။ ကောင်းကောင်းမမှတ်မိတော့ချေ. . ."**

ကျွန်တော် ရုပ်ပျက်ဆင်းပျက်လဲကျနေသည်ကိုတော့ သူတို့မြင်ကြပေ လိမ့်မည်။ ဒီအချိန် ဒီနေရာမျိုး လမ်းဘေးမှာလဲပြီး အန်နေပြီဆိုတော့ အဖြေပေါ်ပြီလေ။ "ဒီလူ အရက်တွေသောက်ပြီး မူးနေတဲ့ ကလေကချေ ကောင်ပဲ" ဟု ကောက်ချက်ချထားကြပေလိမ့်မည်ထင်ပါသည်။

ရှိပါစေတော့။ မိမိကိုယ်ပဲ အားကိုးတော့မည်။ နွမ်းဖတ်နေသည့် ကြားက ပုထုဇဉ်တို့သဘာဝ မာနလေးက တက်လိုက်သေးသည်။ နားထဲ က ကားသံကြား၍ မျက်လုံးအစုံကို အားယူဖွင့်ကြည့်လိုက်သည်။ တက္ကစီတစ်စီးဖြစ်နေသည်။ လက်ကို အားစိုက်မြှောက်ပြပြီး တားလိုက် သည်။ တက္ကစီကားလမ်းပေါ်တွင် ရပ်လိုက်သည်ကို ဝိုးတိုးဝါးတားမြင် လိုက်ရ၏။ ကျွန်တော်ဘာမျှမပြောရသေး။ တက္ကစီကား မောင်းထွက် သွားလေပြီ။ အရက်မူးသမားဟု ထင်သွားပုံရသည်။ နေပါစေ နောက်တစ်စီးလာမှာပေါ့။ ဟော ... တက္ကစီတစ်စီး ထိုးရပ်လာပြန်ပြီ။ ကျွန်တော်က နေမကောင်းဖြစ်နေလို့ တောင်ဥက္ကလာပကို ပို့ပေးဖို့ ပြောလိုက်၏။ လေးလေးတွဲ့တွဲ့ထွက်လာသော ကျွန်တော့်လေနှင့် ကျွန်တော်ဖြစ်နေသော ရုပ်လက္ခဏာကြောင့် မကောင်းသည့်ဘက်က တွေးပြီး သဘောပေါက်သွားပုံရသည်။ ချက်ချင်း မောင်းထွက်သွားပြန် သည်။

ကျွန်တော် စဉ်းစားလိုက်မိပေပြီ။ ကျွန်တော့်လိုအခြေအနေမျိုး ဖြစ်နေသူက တက္ကစီငှားမရသည်ကတော့ သေချာသည်။ ဒီတော့ ပတ်ဝန်းကျင်ကိုပဲ အားကိုးရတော့မည်ဆိုသည့် အသိဝင်လာသည်။ ကျွန်တော်သည် ခန္ဓာကိုယ်ကို အားစိုက်ပြီး မြေပြင်ပေါ် ထထိုင်လိုက်ကာ အနီးရှိ ကွမ်းယာဆိုင်လေးတွင် မှီနေလိုက်သည်။

"ကျွန်တော့်ကို ကူညီကြပါဦးဗျာ"

"ကျွန်တော် အရက်မူးနေတာမဟုတ်ပါဘူး"

"ကျွန်တော် ကျောင်းအုပ်ဆရာကြီးတစ်ဦးပါ"

ကျွန်တော်သည် အသံကို ရနိုင်သလောက်မြှင့်ပြီး ပတ်ဝန်းကျင်ကို အကူအညီတောင်းလိုက်၏။

သိပ်တောင်မကြာ ခြေသံကြား၍ မျက်လုံးကို ကြိုးစားပြီးဖွင့်ကြည့် လိုက်သည်။ လူပျိုရွယ်ကောင်လေးနှစ်ယောက် မိမိကို စူးစိုက်ကြည့် နေကြသည်။

"သားတို့ ဆရာကြီးကို ကူညီကြပါဦးကွယ်"

"အင်္ကျီအိတ်ထဲမှာ ဝန်ထမ်းကတ် ပါ ပါတယ်"

ကောင်လေးတစ်ယောက်က ကျွန်တော့်အင်္ကျီအိတ်ကို နှိုက်တာ သိလိုက်ရသည်။

"ဟုတ်တယ်ဟ ဦးဘညွန့် ကျောင်းအုပ်ဆရာကြီး အ.မ.က -၂၃ (မူလွန်) ဒဂုံ(တောင်)မြို့နယ်တဲ့"

"ဟုတ်တယ် ဆရာကြီးနေမကောင်းလို့ ကျောင်းကအပြန် ဒီလိုဖြစ် တာပါကွယ်"

"ဆရာကြီးအမျိုးသမီးလည်း စံပြဈေးကားမှတ်တိုင်မှာ စောင့်လို့ ရှိလိမ့်မယ်၊ သားတို့ တက္ကစီခေါ်ပြီး ဆရာကြီးကို တင်ပေးကြပါကွယ်"

ကောင်လေးနှစ်ယောက်ထံမှ ဘာသံမျှထွက်မလာ။ နွမ်းလျမှုကြား မှ ကျွန်တော့်ရင်ခုန်သံတွေ တဒိန်းဒိန်းမြည်နေ၏။ ဒီကောင်လေး နှစ်ယောက်ပစ်ထားခဲ့မှာကို ကျွန်တော် အရမ်းစိုးရိမ်နေမိသည်။

"ဒီအတိုင်း လွှတ်လိုက်လို့ ဘယ်ဖြစ်မလဲကွာ၊ ကိုယ့်ကိုယ်ကိုယ်မှ မဟန်နိုင်ဖြစ်နေတာ"

"ဒါဆို တို့နှစ်ယောက် လိုက်ပို့မှ ဖြစ်မယ်ထင်တယ်"

ကောင်လေးနှစ်ယောက် မှတ်ချက်ချသံနှင့်အတူ တက္ကစီတစ်စီးကို လှမ်းတားလိုက်သံ ကြားလိုက်ရသည်။ သိပ်တောင်မကြာ ကျွန်တော့် ကိုယ်လုံးကြီးကို သူတို့နှစ်ယောက် မနိုင်မနင်းပွေ့ချီပြီး ကားပေါ်တင် လိုက်ကြသည်။ ကောင်လေးနှစ်ယောက်က လူသေကောင်ကြီးလို ဖြစ်နေသော ကျွန်တော့်ခန္ဓာကိုယ်ကို အဆင်ပြေအောင် ဘယ်လိုမျှ ထားမရ။ မတတ်သာသည့်အဆုံး သူတို့နှစ်ယောက် ကျွန်တော့်ကို ဖြစ်သလိုပွေ့ပြီး လိုက်ပါလာကြ၏။ ကောင်လေးတွေဆီကတော့ ဘာသံမျှထွက်မလာ။ သို့သော် အန်ဖတ်များ သူတို့အဝတ်အစားများတွင် ပေကျံသွားမှာတော့ သေချာသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော့် ခန္ဓာကိုယ်သည် ကောင်လေးနှစ်ယောက်၏ ရင်ခွင်သို့ရောက်နေ၍ပင် ဖြစ်ပါသည်။ တက္ကစီကားကတော့ ဆက်မောင်းနေသည်။

"ရောက်ပြီ ရောက်ပြီ"

အချိန်တော်တော်ကြာသည့်အချိန်တွင် ကောင်လေးတစ်ယောက် ပြောလိုက်သံနှင့်အတူ ကားစက်ရပ်သံ ကြားလိုက်ရသည်။

"ဒီနားမှာ အမျိုးသမီးစောင့်နေလိမ့်မယ်၊ လိုက်ရှာကြည့်ပါဦးကွယ်" ကျွန်တော် အားယူပြီး ပြောလိုက်၏။

ကောင်လေးတစ်ယောက်က ကျွန်တော့်ကိုပွေ့ပြီး ကားပေါ်၌ ကျန်ခဲ့သည်။ ကျန်တစ်ယောက်က ကားအောက်သို့ဆင်းသွားသည်။ နာရီဝက်ခန့်အကြာတွင် ကျွန်တော့်အမျိုးသမီးနှင့်အတူ ရောက်လာ ကြသံ ကြားလိုက်ရသည်။ ကျွန်တော်စီးလာသည့်တက္ကစီနှင့်ပဲ ရွှေဗဟိုရ် ဆေးရုံသို့ ပို့ခိုင်းလိုက်သည်။ ဆရာဝန်က လိုအပ်သည့်စစ်ဆေးမှုများ ပြုလုပ်ပြီး ဆေးရုံတက်ခိုင်းလိုက်သည်။ ဆေးရုံတွင် သုံးရက် ဆေးကုသ မှုခံယူပြီး ဆရာဝန်က ဆေးရုံဆင်းခွင့်ပြုလိုက်သည်။ အိမ်တွင် တစ်ည အိပ်ပြီး မနက်မိုးအလင်းတွင် ကျွန်တော် နေမကောင်းဖြစ်လာပြန်သည်။ ချက်ချင်းပဲ ရွှေဗဟိုရ်ဆေးခန်းသို့ ပြန်သွားပြရာ ဆေးရုံပြန်တက်ရသည်။ (၂၇.၈.၂၀၁၀)နေ့တွင် ဆေးရုံက အပြီးဆင်းခဲ့ရသည်။ ကျွန်တော်သည် ကူညီမည့်သူမရှိဘဲ ဒဂုံ(တောင်)(၁၈)ကွေ့မှတ်တိုင်မှာ ဒီအတိုင်းရှိနေ ခဲ့မည်ဆိုလျှင် အခြေအနေဆိုးတစ်မျိုးသို့ ရောက်သွားနိုင်ပေသည်ကို ကျွန်တော် တွေးမိလိုက်သည်။

● ● ● ● ● ● ●

**ဆက်လက်ဖော်ပြပါမည်။**

# ယခုဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလအထိ ရှစ်လတာကာလအတွင်း ပြည်ပသို့ ငါးမက်ထရစ်တန် ၂၄၀၀၀၀ ကျော်တင်ပို့နိုင်

ရန်ကုန် ဒီဇင်ဘာ ၁၇

မြန်မာနိုင်ငံမှ ရေထွက်ကုန်များကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလအထိ ရှစ်လတာကာလအတွင်း ပြည်ပသို့ ငါးမက်ထရစ်တန် ၂၄၀၀၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောဆိုချက်အရ သိရသည်။

"ဒီဘဏ္ဍာနှစ် ဧပြီလ ၁ ရက်ကနေ နိုဝင်ဘာလ ၃၀ ရက်အထိ ရှစ်လတာကာလအတွင်း ပြည်ပကို ငါးမက်ထရစ်တန် ၂၄၁၄၁၁ ဒသမ ၀၀၂ တန်တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၂၅၉ ဒသမ ၆၁၄ သန်းရရှိခဲ့ပါတယ်"ဟု ၎င်းကပြောသည်။

ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ နိုဝင်ဘာလ ၃၀ ရက်အထိ ရှစ်လတာကာလအတွင်း ပြည်ပသို့ ငါးတင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်မှုမှ မက်ထရစ်တန် ၁၁၃၄၁၄ ဒသမ ၃၀၁ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၅၁ ဒသမ ၇၉၄ သန်း၊ နယ်စပ်ကုန်သွယ်မှုမှ မက်ထရစ်တန် ၁၂၇၉၉၆ ဒသမ ၇၀၁ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၀၇ ဒသမ ၈၂ သန်း ရရှိသည့်အတွက် ပြည်ပသို့ စုစုပေါင်းငါးမက်ထရစ်တန် ၂၄၁၄၁၁ ဒသမ ၀၀၂ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၅၉ ဒသမ ၆၁၄ သန်း ရရှိထားသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူက ပြည်ပသို့ ငါးမက်ထရစ်တန် ၁၈၅၆၉၄ ဒသမ ၆၂၇ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၂၀ ဒသမ ၂၇ သန်းရရှိခဲ့သည်။

ထို့ကြောင့် ယခုဘဏ္ဍာနှစ် ရှစ်လတာကာလအတွင်း ပြည်ပသို့ ငါးတင်ပို့မှုသည် ပြီးခဲ့သည့်ဘဏ္ဍာနှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက မက်ထရစ်တန် ၅၅၇၁၆ ဒသမ ၃၇၅ တန် ပိုမိုတင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၃၄၄ သန်း ပိုမိုရရှိထားကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပုစွန်အပါအဝင် ငါးစသည့်ရေထွက်ကုန်များကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဂျပန်နိုင်ငံ စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

စောယု

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်


**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# တတိယအကြိမ် တရုတ်-အိန္ဒိယသမုဒ္ဒရာဒေသ အပြာရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ပြီး ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(China International Development Cooperation Agency–CIDCA) ၏ ဖိတ်ကြားချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကူမင်းမြို့၌ ဒီဇင်ဘာလ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပသည့် တတိယအကြိမ် တရုတ်-အိန္ဒိယသမုဒ္ဒရာဒေသ အပြာရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (the Third China– Indian Ocean Region Forum on Blue Economy Development Cooperation) ကို တက်ရောက်ခဲ့သည်။



အဆိုပါခရီးစဉ်အတွင်း ဒီဇင်ဘာလ ၁၅ ရက် နံနက်ပိုင်းတွင် တရုတ်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (CIDCA) ဥက္ကဋ္ဌ H.E. Mr. Luo Zhaohui က ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ကို သီးခြားလက်ခံတွေ့ဆုံခဲ့ပြီး မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံဆွေးနွေးပွဲသို့ ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်နှင့် ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းများနှင့် စပ်လျဉ်းသည့် နားလည်မှုစာချွန်လွှာ (Memorandum of Understanding between the Ministry of Investment and Foreign Economic Relations of Myanmar and China International Development Cooperation Agency on Promoting the Project of Photovoltaic Power Plants) ကို ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (CIDCA) ဥက္ကဋ္ဌတို့အကြား လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ကျင်းပသည့် အစိုးရ-ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းဆွေးနွေးပွဲ (International Government– Business Dialogue) သို့ တက်ရောက်ရာ ဆွေးနွေးပွဲတွင် သမုဒ္ဒရာဆိုင်ရာ အခြေခံအဆောက်အဦ ချိတ်ဆက်မှုပူးပေါင်းဆောင်ရွက်ရေး၊ အပြာရောင်စီးပွားရေးအတွက် ဒစ်ဂျစ်တယ်ကဏ္ဍမြှင့်တင်ရေး၊ ယဉ်ကျေးမှုဖလှယ်ခြင်းဖြင့် အဏ္ဏဝါခရီးသွားလုပ်ငန်း မြှင့်တင်ရေးစသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး ဖိုရမ်သို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအတွက် တည်ခင်းဧည့်ခံသည့် ကြိုဆိုဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

ဒီဇင်ဘာလ ၁၆ ရက် နံနက်ပိုင်းတွင် ဖိုရမ်သို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးအပါအဝင် နိုင်ငံအသီးသီးမှအဆင့်မြင့် ကိုယ်စားလှယ်များနှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ မစ္စတာဝမ်ရုံ ဦးဆောင်သည့်တရုတ်နိုင်ငံအစိုးရအဆင့်မြင့် ကိုယ်စားလှယ်များအကြား တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သည်။ ဆက်လက်၍ အပြာရောင် အိန္ဒိယသမုဒ္ဒရာ၏အနာဂတ်အလားအလာ-ကမ္ဘာ့တောင်ခြမ်း၏ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလက်တွေ့လုပ်ငန်း (Future of the Blue Indian Ocean – Development Practice of the Global South) ခေါင်းစဉ်ဖြင့် ကျင်းပသည့် တတိယအကြိမ် တရုတ်-အိန္ဒိယ သမုဒ္ဒရာဒေသ အပြာရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၏ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အဆိုပါဖိုရမ်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့ဝင်များ၊ ဘဏ္ဍာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ၊ အပြာရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်သည့်အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသော အဆင့်မြင့်ကိုယ်စားလှယ်များ၊ အိန္ဒိယသမုဒ္ဒရာ နိုင်ငံပေါင်း ၂၇ နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း ၂၄ ခုတို့မှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်နှင့်စပ်လျဉ်းသည့် ကုလသမဂ္ဂ၏သမုဒ္ဒရာ ဆယ်စုနှစ် (The Ocean Decade of United Nations in the Context of Global Development Initiative) ခေါင်းစဉ်ဖြင့် ကျင်းပသည့်ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ခဲ့သည်။

မွန်းလွဲပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည် သမုဒ္ဒရာ ရာသီဥတုအပြောင်းအလဲဆိုင်ရာ အုပ်ချုပ်မှုကိုမြှင့်တင်ပေးခြင်းနှင့် ပါရီသဘောတူညီချက် အကောင်အထည်ဖော်ရေးတွင် ပါဝင်ကူညီပေးခြင်း (Promoting Ocean Climate Change Governance and Contributing to the Implementation of the Paris Agreement) ခေါင်းစဉ်ဖြင့် ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တတိယအကြိမ် တရုတ်-အိန္ဒိယသမုဒ္ဒရာဒေသ အပြာရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်၏ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင်တရုတ်နိုင်ငံမှရန်ကုန်မြို့သို့လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် (၁၇)ကြိမ်မြောက် အာခါတိုင်းရင်းသားရိုးရာ စုပေါင်းခါးထောင်းဖားပွဲတော် ကျင်းပပြုလုပ်

နေပြည်တော် ဒီဇင်ဘာ ၁၇

၂၀၂၄ ခုနှစ် (၁၇)ကြိမ်မြောက် အာခါတိုင်းရင်းသားရိုးရာ စုပေါင်းခါးထောင်းဖားပွဲတော်ကို ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ဇန်းမွန်ဟိုတယ်၌ ကျင်းပပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့်အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ အာခါတိုင်းရင်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး အာခါတိုင်းရင်းသားများ နာယကက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက်အာခါတိုင်းရင်းသားရိုးရာစုပေါင်းခါးထောင်းဖားပွဲတော် အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ဆုရရှိသောအသင်းများအား တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး အာခါတိုင်းရင်းသားများက ရိုးရာအက၊ အလှ၊ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)




တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ၂၀၂၄ ခုနှစ် (၁၇)ကြိမ်မြောက် အာခါတိုင်းရင်းသားရိုးရာ စုပေါင်းခါးထောင်းဖားပွဲတော်တွင် အမှာစကားပြောကြားစဉ်။

# မိုးနဲမြို့နယ်၌ ဆီထွက်သီးနှံ ဆောင်းနေကြာ စိုက်ခင်းများအောင်မြင်ဖြစ်ထွန်း

**မိုးနဲ ဒီဇင်ဘာ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ဆီထွက်သီးနှံဆောင်းနေကြာကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်လျက်ရှိရာ သီးထပ်၊ သီးညှပ်စိုက်ပျိုးကြသည့်အပြင် နေကြာတစ်မျိုးတည်းကိုလည်း စိုက်ပျိုးကြကြောင်း၊ ဆောင်းနေကြာကို စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ကြဲပက်စိုက်ပျိုးကြရာ ယခုအခါအောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး သက်တမ်းလေးလကြာလျှင် ရိတ်သိမ်းကြကြောင်း သိရသည်။

မိုးနဲမြို့နယ်အနေဖြင့် စိုက်ပျိုးရေးကိုအဓိကအားထားကာ လယ်နှင့်ယာသီးနှံများကို စိုက်ပျိုးကြကြောင်း၊ တောင်သူများသည် ပဲပုပ်၊ မြေပဲတို့နှင့်အတူ ဆောင်းနေကြာကိုလည်း သီးထပ်၊ သီးညှပ်အဖြစ် စိုက်ပျိုးကြပြီး မြို့နယ်အတွင်း ဆောင်းနေကြာ ၁၂၂ ဧကကျော် စိုက်ပျိုးထားသည်။

ယခုနှစ်တွင် ဆောင်းနေကြာကို ပိုမိုစိုက်ပျိုးလာကြပြီး မိုးနဲမြို့နယ်အတွင်းရှိ ဝမ်းယေးကျေးရွာ၊ ပန်အူကျေးရွာ၊ နားခံကျေးရွာနှင့် ဆိုက်ဖယ်ကျေးရွာတို့၌ အများဆုံး စိုက်ပျိုးကြကာ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် နည်းပညာနှင့်သွင်းအားစုများ ပံ့ပိုးကူညီပေးလျက်ရှိကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**



**နံနက်စာကို အသားရော အသီးအနှံပါ စုံလင်စွာ စားသောက်သင့်သည်။**

# အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်ညှော့်ပရိသတ်များဖြင့်နေ့စဉ်စည်ကားလျက်ရှိ



**မန္တလေး ဒီဇင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော် (Floral Fantasia 2024)သို့ တက်ရောက်အားပေးခဲ့သည်။


ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဂုဏ်ပြုစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်(၁၇)ကြိမ်မြောက် ပန်းပွဲတော်သို့ လာရောက်လည်ပတ်ကြသည့် ညှော့်ပရိသတ်များနှင့်အတူ အနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှုများ၊ အကအဖွဲ့များ၏ ကပြဖျော်ဖြေတင်ဆက်မှုများကိုကြည့်ရှုအားပေးကာ အနုပညာရှင်များနှင့် အကအဖွဲ့များအား ဂုဏ်ပြုငွေများချီးမြှင့်ပြီးနောက် ဥယျာဉ်အတွင်း ပြခန်းများကို လိုက်လံကြည့်ရှုခဲ့သည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်အဖြစ် ဥယျာဉ်အတွင်း သတ်မှတ်နေရာများတွင်သစ်ပင်များ စိုက်ပျိုးကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ထင်းရှူးပဒေသာပင်ကိုလည်းကောင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ကံ့ကော်ပင်ကိုလည်းကောင်း၊စည်ပင်သာယာရေးဝန်ကြီးက ချယ်ရီပင်ကိုလည်းကောင်း စိုက်ပျိုးပေးပြီးနောက်ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အမျိုးသားကန်တော်ကြီးဥယျာဉ်နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီးဆန်းသစ်သည့် မြေယာရှုခင်းပုံစံများ၊ပြည်တွင်းပြည်ပပန်းမျိုးစိတ်မျိုးစုံ၊ ဒေသပန်းမျိုးများပြသသည့် ဇုန်တစ်ဇုန်အပါအဝင်ဇုန်ရှစ်ဇုန်ပါဝင်၍ ရာသီပန်းမျိုးစိတ် ၂၀ မှ၂၅ မျိုး၊ ဒေသပန်းမျိုးစိတ် ၁၅ မျိုးမှ ၂၀ မျိုး စုစုပေါင်း ပန်းအရေအတွက် နှစ်သိန်းကျော် စိုက်ပျိုးပြသထားကြောင်း၊ပွဲတော်ကာလအတွင်း နိုင်ငံတကာပညာရှင်များ၊ ပြည်တွင်းပညာရှင်များနှင့် ကျွမ်းကျင်သူများဖိတ်ခေါ်၍ အလုပ်ရုံဆွေးနွေးပွဲကိုလည်း ထည့်သွင်းထားကြောင်း၊ ဖျော်ဖြေရေးအစီအစဉ်များ၊ဈေးရောင်းပွဲတော်၊ ဒေသထွက်ကုန်ပြခန်းများနှင့် ဆိုင်ခန်းများဖြင့် ရောင်းချပေးသည့်အစီအစဉ်များလည်းပါရှိပြီး အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်(၁၇)ကြိမ်မြောက် ပန်းပွဲတော်သို့ လာရောက်လည်ပတ်အပန်းဖြေကြသည့် ညှော့်ပရိသတ်များဖြင့် နေ့စဉ်စည်ကားလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**




● **ရှေ့ဖုံးမှအဆက်**

တိမ်တိုက်များကြောင့်လည်းကောင်း ၂၀-၁၂-၂၀၂၄ ရက်နေ့မှ ၂၃-၁၂-၂၀၂၄ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင်နေရာကွက်၍ မိုးကြီးခြင်းများဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

**မြဝတီရုပ်မြင်သံကြားအစီအစဉ်**

**၁၈-၁၂-၂၀၂၄ (ဗုဒ္ဓဟူးနေ့)**

| | | |
|---|---|---|
| ၁။ | ၀၆:၀၂ | နိုင်ငံတော်သီချင်း |
| ၂။ | ၀၇:၁၆ | မေတ္တာပို့ |
| ၃။ | ၀၇:၂၁ | ဓမ္မပူဇာတေး |
| ၄။ | ၀၇:၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၅။ | ၀၈:၃၅ | Movies and Movies |
| ၆။ | ၁၀:၄၀ | စိုက်ပျိုးသုတ |
| ၇။ | ၁၁:၄၀ | Sport Review |
| ၈။ | ၁၆:၃၀ | မြန်မာသံစဉ်ချိုနှားဝင် |
| ၉။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၁၀။ | ၁၈:၄၀ | Music Gallery |

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၇**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည်နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာအုပ်စု ဇီးဖြူပင်ကျေးရွာ ကွင်းအမှတ်(၁၇၂၁)ကွင်းအတွင်း တောင်သူဦးစန်းလွင်၏ ရေကြီးနစ်မြုပ်လယ်ယာမြေပေါ်တွင် ဆောင်းသီးနှံ မတ်ပဲငါးကေစိုက်ခင်းအား ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက်ပိုးသတ်ဆေးနှင့်ရွက်ဖျန်းမြေသြဇာများ ပက်ဖျန်းနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး တောင်သူများကို သွင်းအားစု ရွက်ဖျန်းမြေသြဇာရည်များကို ပေးအပ်သည်။

ယင်းနောက် ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာနှင့် သစ်စိမ့်ပင်ကျေးရွာအကြား ရေဆိုးထုတ်ပြွန် အလျားပေ ၁၁၀၊ အချင်း ၂ ဒသမ ၅ ပေ၊ ကျောက်ခွက်စီလုပ်ငန်း ၇၅ ပေ x ၁၀ ပေ ဆောင်ရွက်ပြီးစီးမှုနှင့် တူးမြောင်းပေါင်ပြုပြင်ခြင်းလုပ်ငန်းများနှင့် ပျဉ်းမနားမြို့နယ် နမ်းတောကျေးရွာအနီး ကွင်းအမှတ် (၁၇၁၆) တွင် ပဲကြီးနှင့် နေကြာသီးညှပ် သုံးကေစိုက်ခင်း အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် ပိတောက်ချောင်ကျေးရွာအုပ်စု ကွမ်းခြံကျေးရွာ ကွင်းအမှတ် (၁၇၃၂)ရေကြီးနစ်မြုပ်ကေများတွင် ဆောင်းသီးနှံ မတ်ပဲစိုက်ခင်းများအား ရွက်ဖျန်းမြေသြဇာရည် များပက်ဖျန်းခြင်း သရုပ်ပြသမှုကို သွားရောက်ကြည့်ရှုအားပေးပြီး သီးထပ်သီးညှပ် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များသုံးစွဲရေး၊ သွင်းအားစုများ စနစ်တကျသုံးစွဲရေးတို့ကို အလေးထား လိုက်နာဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များက တောင်သူများကို သွင်းအားစု ပိုးသတ်ဆေး၊ ရွက်ဖျန်းမြေသြဇာနှင့် ယူရီးယားမြေသြဇာများ ပေးအပ်ကြသည်။



ထို့နောက် တက်ရောက်လာကြသည့် တောင်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ကွင်းအမှတ် (၁၇၃၂)ရေကြီးနစ်မြုပ်ကေများတွင် ဆောင်းသီးနှံ မတ်ပဲစိုက်ခင်းများရွက်ဖျန်းမြေသြဇာရည်များ ပက်ဖျန်းနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၁၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးနှင့် ဦးမြင့်ဦးတို့သည် ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံပြီး ရှမ်းပြည်နယ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပပါကဆောင်ရွက်ရမည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များပါ လိုအပ်သောအချက်အလက်များကို ရှင်းလင်းတင်ပြခြင်းနှင့် လိုအပ်ချက်များကို အကြံပြုတင်ပြခြင်းများ ဆောင်ရွက်သည်။

ယင်းနောက် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ရောက်ရှိပြီး ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အတွင်းရေးမှူးက ရှမ်းပြည်နယ်တစ်ခုလုံး၏ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရန် ပဏ္ဍမအကြိမ်မြေပြင်လူဦးရေစာရင်း စိစစ်ထားရှိမှု၊ ဝန်ထမ်းခန့်အပ်ထားရှိမှု၊ ရုံးအဆောက်အအုံများ အခြေအနေ၊ ပြည်နယ်/ ပြည်နယ်ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၊ ခရိုင်နှင့် မြို့နယ်များမှ မဲရုံလျာထားမှုနှင့် CVLMS သို့ စာရင်းတင်သွင်းထားရှိမှု အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ သက်ဆိုင်ရာ ပြည်နယ်ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ အတွင်းရေးမှူးများနှင့်ဆက်လက်တွေ့ဆုံပြီး တင်ပြသည့် လိုအပ်ချက်များအပေါ် ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**




သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

သမဝါယမဦးစီးဌာန နှစ်(၁၂၀)ပြည့် နှစ်ပတ်လည်နေ့

*“လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေး သမဝါယမက ဆောင်ရွက်ပေး”*

(၁၈.၁၂.၂၀၂၄)


| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၈˚C | / | ၃၂˚C |
| ရန်ကုန် | ၂၁˚C | / | ၃၃˚C |
| မန္တလေး | ၁၈˚C | / | ၃၀˚C |


လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့


# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)မြန်မာ့ရိုးရာသိုင်းပညာ အခြေခံသင်တန်းအမှတ်စဉ်(၄) ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ကျောင်းသား၊ ကျောင်းသူများ ကိုယ်ကာယကျန်းမာကြံ့ခိုင်စေရန်နှင့် မြန်မာ့ရိုးရာ သိုင်းပညာအခြေခံများ တတ်မြောက်စေရန် ရည်ရွယ်၍ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)၌ မြန်မာ့ရိုးရာသိုင်းပညာ အခြေခံသင်တန်းအမှတ်စဉ်(၄) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ ဒီဂရီကောလိပ်(ရန်ကုန်)မှ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခ/ဌာနမှူးများ၊ သင်တန်းနည်းပြများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ကျောင်းအုပ်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။



အဆိုပါ မြန်မာ့ရိုးရာသိုင်းပညာအခြေခံ သင်တန်းအမှတ်စဉ်(၄)ကို ရက်သတ္တ ငါးပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဝမ်းဗိုက်အဆီကျစေရေး ဆောင်ရန် ရှောင်ရန်နည်းလမ်းများ

ဒေါက်တာလွင်သန့်

ဝမ်းဗိုက်အဆီချဖို့ဆိုရင် ကယ်လိုရီစားသုံးမှုကိုလျှော့ချပြီး နေ့စဉ် လေ့ကျင့်ခန်းနာရီဝက်ကနေ တစ်နာရီ အပြေး၊ ရွှေ့ပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူးပြုလုပ်ပြီး ခန္ဓာကိုယ်အဆီတွေလျှော့ချနိုင်ပါတယ်။ ခန္ဓာကိုယ်အဆီတွေကိုလျှော့ချရတာထက် ဝမ်းဗိုက်အဆီတွေကို လျှော့ချရတာက ပိုပြီးခက်ခဲပါတယ်။ ဝမ်းဗိုက်အဆီချဖို့အတွက် အောက်ပါအချက်တွေကို လိုက်နာဆောင်ရွက်သင့်ပါတယ်။

သံပရိုသီးအသုံးပြုသင့်ပါတယ်။ နံနက်ခင်းမှာ ရေနွေးပူပူတစ်ခွက်ထဲကို သံပရိုသီးအကွင်းလိုက်ထည့်ပြီး သောက်ပေးသင့်ပါတယ်။ အစာစားတိုင်းမှာလည်း ရေများများသောက်ပေးသင့်ပါတယ်။ တစ်နေ့ကို ရေ (၁-၂)လီတာလောက် သောက်ပေးသင့်ပါတယ်။

မှန်ကန်စွာစားသောက်သင့်ပါတယ်။ အစားအသောက်တွေကို မှန်ကန်စွာစားသောက်တာက အဆီပိုတွေမတက်အောင်ကာကွယ်နိုင်တဲ့အပြင် ရှိပြီးသားကိုယ်တွင်းအဆီတွေကို လောင်ကျွမ်းစေပြီး ကိုယ်အလေးချိန်ကိုထိန်းပေးနိုင်ပါတယ်။ ပရိုတင်းအတွက် ကြက်သား၊ အမဲသား၊ငါး၊ ဥအမျိုးမျိုးနဲ့ ချိစ် စတဲ့မလိုင်ဖယ်ထားတဲ့ နို့နဲ့နို့ထွက်ပစ္စည်းတွေစားသင့်ပါတယ်။ ဟင်းသီးဟင်းရွက်အနေနဲ့ ဟင်းနုနယ်ရွက်၊ ပန်းဂေါ်ဖီစိမ်း၊ ကိုက်လန်၊ ဂေါ်ဖီထုပ်တို့စားသင့်ပါတယ်။ သစ်သီးမှာဆိုရင် ငှက်ပျောသီး၊ လိမ္မော်သီး၊ ပန်းသီး၊ နာနတ်သီး၊ သဘော်သီး၊ ဖရဲသီးစားပေးနိုင်ပါတယ်။ အဆီမှာဆိုရင် မပြည့်ဝဆီအမျိုးအစားဖြစ်တဲ့ သံလွင်ဆီ၊ငါးကြီးဆီ၊ ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီနဲ့အစေ့အဆန်တွေစားနိုင်ပါတယ်။

ဘယ်ရီသီးစားသင့်ပါတယ်။ မွန်းတည့် ၁၂ နာရီမတိုင်မီ တစ်နေ့ကို သစ်သီးတစ်မျိုးစားပေးသင့်ပါတယ်။ ဘလူးဘယ်ရီသီး၊ စတော်ဘယ်ရီသီး၊ ခရင်မ်ဘယ်ရီသီး စတဲ့ဘယ်ရီသီးတစ်မျိုးမျိုးကိုစားတာက ဝမ်းဗိုက်အဆီတွေကိုကျဆင်းစေပါတယ်။

ကောက်နှံတစ်ခုလုံးပါဝင်အောင်စားသင့်ပါတယ်။ ကောက်နှံတစ်ခုလုံးပါဝင်တဲ့ ဟင်းသီးဟင်းရွက်နဲ့သစ်သီးတွေစားသုံးတာက ဝမ်းဗိုက်အဆီတွေကိုလျှော့နည်းစေပါတယ်။ အမျှင်ဓာတ်များစွာပါဝင်လို့ အူလမ်းကြောင်းလှုပ်ရှားမှုကိုကောင်းမွန်စေပြီး ဝမ်းမှန်စေပါတယ်။ ခန္ဓာကိုယ်တွင်းအဆိပ်အတောက်တွေ ဖယ်ရှားပေးနိုင်ပါတယ်။

လက်ဖက်စိမ်းရည်သောက်သင့်ပါတယ်။ လက်ဖက်စိမ်းမှာ ခန္ဓာကိုယ်အလေးချိန်ကိုကျဆင်းစေတဲ့ ပိုလီဖီနောတွေများစွာပါဝင်ပါတယ်။ လေ့လာမှုတွေအရ လက်ဖက်စိမ်းရည်က ဇီဝဖြစ်ပျက်မှုကိုကောင်းစေပြီး ခန္ဓာကိုယ်တွင်းအဆီတွေကို ချေဖျက်ပေးတာကိုတွေ့ရပါတယ်။ အင်တီအောက်စီးဒင့်(Antioxidants)တွေလည်း များစွာပါဝင်တာကြောင့် ခန္ဓာကိုယ်တွင်းဓာတ်တိုးဖြစ်စဉ်တွေမဖြစ်ပွားအောင် တားဆီးပေးပါတယ်။

အရည်များများသောက်သင့်ပါတယ်။ အရည်များများသောက်တာက ဝမ်းဗိုက်အဆီလျှော့နည်းသွားစေဖို့ ကူညီပေးပါတယ်။ အရည်များများသောက်ရင် ခန္ဓာကိုယ်တွင်းဇီဝရုပ်ဖြစ်ပျက်မှုကိုကောင်းစေပြီး အစာချေဖျက်မှုကိုကောင်းစေပါတယ်။ ဒါပေမဲ့ သောက်တဲ့အရည်က အချိုရည်မဖြစ်စေဖို့လိုပါတယ်။ အဆိပ်အတောက်တွေဖယ်ရှားပေးနိုင်တဲ့ Detox water မျိုး၊ လက်ဖက်စိမ်းရည်၊ သောက်ရေသန့် စတာမျိုးတွေ သောက်သင့်ပါတယ်။

ဗာဒံစေ့စားသင့်ပါတယ်။ ဗာဒံစေ့က ကိုယ်တွင်းအဆီတွေကိုလျှော့နည်းစေပြီး ကျန်းမာရေးအတွက်ကောင်းကျိုးများစွာရရှိစေပါတယ်။ နံနက်ခင်းမှာ ဗာဒံစေ့ ခြောက်စေ့လောက်စားထားရင် ပရိုတင်းရရှိစေလို့ အဆီတွေလောင်ကျွမ်းစေပါတယ်။ ဗာဒံစေ့မှာ ကျန်းမာရေးနဲ့ညီညွတ်တဲ့အဆီတွေပါဝင်လို့ သွေးတွင်းမကောင်းတဲ့အဆီဓာတ်လျှော့နည်းစေပါတယ်။

ကျန်းမာရေးနဲ့ညီညွတ်တဲ့နံနက်စာစားသင့်ပါတယ်။ နံနက်စာကို ပြည့်ဝစွာစားရင် တစ်နေ့တာလုံး စွမ်းအင်အပြည့်နဲ့လန်းဆန်းစေပါတယ်။ နံနက်စာကို အဝစားသင့်ပါတယ်။ ဒါမှ တစ်နေ့တာဆောင်ရွက်မယ့်လုပ်ငန်းတွေကို စွမ်းအင်အပြည့်နဲ့ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ကျန်းမာရေးနဲ့ညီညွတ်တဲ့အစာ စားသုံးဖို့တော့လိုပါတယ်။ ကယ်လိုရီများတဲ့အစားအစာတွေ၊ သကြား၊ အချိုများတဲ့အစားအစာတွေ ရှောင်ကြဉ်သင့်ပါတယ်။

**"လေ့ကျင့်ခန်းပုံမှန်ပြုလုပ်ပေးတဲ့အခါ နေ့စဉ်စားသောက်လို့ပိုလျှံတဲ့ကယ်လိုရီတွေကို ချွေးအဖြစ် စွန့်ထုတ်ပစ်နိုင်လို့ အဆီစုခြင်း၊ အဝလွန်ခြင်း၊ ဆီးချိုသွေးချိုရောဂါ၊ နှလုံးသွေးကြောရောဂါ၊ သွေးတိုးရောဂါတို့မှ ကင်းဝေးစေပါတယ်။ လေ့ကျင့်ခန်းက ဝမ်းဗိုက်အဆီလျှော့ကျရုံမက ကိုယ်အလေးချိန်ကိုလည်း ထိန်းပေးပါတယ်။ လေ့ကျင့်ခန်းလုပ်သလို အစားအစာကိုလည်း ကျန်းမာရေးနဲ့ညီညွတ်စွာ စားသင့်ပါတယ်. . ."**

အဆီလောင်ကျွမ်းစေတဲ့အစားအစာတွေစားသင့်ပါတယ်။ အစာစားတဲ့အခါမှာ ခန္ဓာကိုယ်တွင်းအဆီကိုလောင်ကျွမ်းစေတဲ့အစာတွေကို ရွေးချယ်စားသင့်ပါတယ်။ အဆီကိုလောင်ကျွမ်းစေတဲ့အစာတွေက ခန္ဓာကိုယ်တွင်းဇီဝရုပ်ဖြစ်ပျက်မှုကိုကောင်းစေပြီး အဆီတွေကိုလျှော့နည်းစေပါတယ်။ ပန်းဂေါ်ဖီစိမ်း၊ လက်ဖက်စိမ်း၊ ဂေါ်ဖီထုပ်၊ မုန်လာဥနီ၊ ပဲကြီးစေ့၊ ဂရိတ်ဖရု၊ ဖရဲသီး၊ ပန်းသီး၊ ဘယ်ရီသီး၊ ရေတိုကောင်း၊ ကြက်သွန်ဖြူ၊ ချင်း၊ သဘော်သီး စတာတွေက ဝမ်းဗိုက်အဆီတွေကို လျှော့ကျစေပါတယ်။

ယောဂကျင့်သင့်ပါတယ်။ နံနက်ခင်းမှာယောဂကျင့်တာက ဝမ်းဗိုက်အဆီတွေကို အလျင်အမြန်ကျဆင်းစေတဲ့နည်းလမ်းကောင်းတစ်ခုဖြစ်ပါတယ်။ နေ့စဉ်ပုံမှန် လေ့ကျင့်ခန်းတွေလုပ်ဆောင်ဖို့လိုပါတယ်။ တစ်ပတ်ကိုအနည်းဆုံး ငါးရက်လောက်ပြုလုပ်ပေးသင့်ပါတယ်။

လေ့ကျင့်ခန်းပုံမှန်ပြုလုပ်ပေးတဲ့အခါ နေ့စဉ်စားသောက်လို့ပိုလျှံတဲ့ကယ်လိုရီတွေကို ချွေးအဖြစ်စွန့်ထုတ်ပစ်နိုင်လို့ အဆီစုခြင်း၊ အဝလွန်ခြင်း၊ ဆီးချိုသွေးချိုရောဂါ၊ နှလုံးသွေးကြောရောဂါ၊ သွေးတိုးရောဂါတို့မှ ကင်းဝေးစေပါတယ်။ လေ့ကျင့်ခန်းက ဝမ်းဗိုက်အဆီလျှော့ကျရုံမက ကိုယ်အလေးချိန်ကိုလည်း ထိန်းပေးပါတယ်။ လေ့ကျင့်ခန်းလုပ်သလို အစားအစာကိုလည်း ကျန်းမာရေးနဲ့ညီညွတ်စွာစားသင့်ပါတယ်။

စိတ်ဖိစီးမှုလျှော့ချသင့်ပါတယ်။ စိတ်ဖိစီးမှုများရင် ကော်တီဆုန်း (Cortisone)ဟော်မုန်းတွေများလာပြီး ကြွက်သားတွေကိုဖြိုခွဲကာ ဝမ်းဗိုက်မှာအဆီတွေနေရာယူလာတတ်ပါတယ်။ စိတ်ဖိစီးမှုကိုအတတ်နိုင်ဆုံးလျှော့ချလိုက်ရင် ဝမ်းဗိုက်အဆီတွေကိုလျှော့ချပြီးသားဖြစ်ပါတယ်။ စိတ်ဖိစီးမှုများတဲ့အခါ အချိုစာတွေပိုပြီးစားချင်လာပြီး အထိန်းအကွပ်မရှိစားသုံးတာကြောင့် အဆီတွေပိုတက်လာစေပါတယ်။ အနားယူတာ၊ တရားထိုင်တာ၊ အသက်ရှူလေ့ကျင့်ခန်းလုပ်တာတွေ ပြုလုပ်ပြီး စိတ်ဖိစီးမှုကိုလျှော့ချနိုင်ပါတယ်။ ဗီတာမင် C စားသုံးပြီး ကော်တီဆုန်းဟော်မုန်းပမာဏလျှော့ချနိုင်ပါတယ်။

အိပ်ချိန်ပုံမှန်ခြောက်နာရီရှိအောင်အိပ်စက်သင့်ပါတယ်။ အိပ်ရေးပျက်များတာ၊ ညဉ့်နက်မှအိပ်စက်တာတွေက ခန္ဓာကိုယ်မှာအဆီတွေစုပြီးဝစေပါတယ်။ အိပ်ချိန်ပုံမှန်ရှိဖို့လိုအပ်ပါတယ်။ ငါးနှစ်ကြာ ပြုလုပ်တဲ့လေ့လာမှုအရ တစ်ညကို အိပ်ချိန်(၆-၇)နာရီအိပ်စက်သူတွေနဲ့ အိပ်ချိန် ငါးနာရီအောက်အိပ်စက်သူတွေကို နှိုင်းယှဉ်ကြည့်တဲ့အခါ အိပ်ချိန် (၆-၇) နာရီ အိပ်စက်သူတွေက ဝမ်းဗိုက်အဆီတွေ ပိုပြီးလျှော့ချနိုင်တာကိုတွေ့ရပါတယ်။ အိပ်မပျော်တဲ့အခါ ဗိုက်ဆာတတ်ပြီး အချိန်လွန်မှ အစာစားမိတတ်ကြပါတယ်။ ညဘက်မှာ လှုပ်ရှားမှုကလည်းနည်းသွားတာကြောင့် စားလိုက်တဲ့အစာတွေက ဗိုက်မှာအဆီတွေစုလာပြီး အဝလွန်စေပါတယ်။

ဆော်ဒါပါဝင်တဲ့အချိုရည်တွေမသောက်သင့်ပါဘူး။ ဆော်ဒါပါဝင်တဲ့ အချိုရည်တွေသောက်သုံးတာက အာဟာရမရှိဘဲ ကယ်လိုရီရရှိမှုကိုသာများစေပါတယ်။ သကြားပါဝင်ပြီး ဝမ်းဗိုက်အဆီတွေများစေပါတယ်။ အချိုရည်တွေသောက်သုံးမယ့်အစား လတ်ဆတ်တဲ့သစ်သီးတွေကို သကြားမထည့်ဘဲ သဘာဝအတိုင်းဖျော်သောက်သင့်ပါတယ်။

ရေဆာရင်ရေကိုသာသောက်သင့်ပါတယ်။ အရက်၊ ဘီယာမသောက်သင့်ပါဘူး။ အရက်နဲ့ဘီယာက ခန္ဓာကိုယ်တွင်းရေဓာတ်ကို ဓာတ်အတွင်း ညစ်နွမ်းစေလို့ ရေဆာရင် ရေများများသောက်ပေးဖို့လိုပါတယ်။

ဆေးလိပ်နဲ့ကွမ်း ဖြတ်သင့်ပါတယ်။ ဆေးလိပ်နဲ့ကွမ်းမှာ ဆေးရွက်ကြီးကို အခြေခံပြုလုပ်ထားပြီး နီကိုတင်းအပါအဝင် ကင်ဆာဖြစ်စေတဲ့ ပစ္စည်းတွေပါဝင်နေလို့ ပါးစောင်ကင်ဆာ၊ လျှာကင်ဆာ၊ ခံတွင်းကင်ဆာ၊ အစာရေမျိုပြွန်ကင်ဆာ၊ အသည်းကင်ဆာ၊ အစာအိမ်ကင်ဆာ၊ အူမကြီးကင်ဆာတို့ဖြစ်စေနိုင်တာကြောင့် ဆေးလိပ်နဲ့ကွမ်း ဖြတ်သင့်ပါတယ်။ အီးစီးကရက်နဲ့မဖြတ်သင့်ပါဘူး။ အီးစီးကရက်မှာ နီကိုတင်းနဲ့ ရနံ့ထည့်ထားလို့ စီးကရက်လိုပဲ ကျန်းမာရေးထိခိုက်စေလို့ ဆေးလိပ်ဖြတ်ချင်ရင် တိခနဲဖြတ်သင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါတယ်။ ။

---

# တာမွေမြို့နယ်ရှိ ရာပြည့်ဈေး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ လက်တွေ့မီးငြိမ်းသတ်နည်း ဇာတ်တိုက်သရုပ်ပြလေ့ကျင့်

ရန်ကုန် ဒီဇင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး... ရန်ကုန်တိုင်းဒေသကြီး သဃင်းကျွန်းခရိုင် တာမွေမြို့နယ်ရှိ ရာပြည့်ဈေး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီ ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန၏စီစဉ်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ဒီဇင်ဘာလ ၁၇ ရက်တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ လက်တွေ့မီးငြိမ်းသတ်နည်း ဇာတ်တိုက်သရုပ်ပြလေ့ကျင့်ကြောင်း သိရသည်။

ရာပြည့်ဈေး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ လက်တွေ့မီးငြိမ်းသတ်နည်း ဇာတ်တိုက်သရုပ်ပြလေ့ကျင့်ခြင်းအပြင် ဈေးသူ၊ ဈေးသားများနှင့် လာရောက်ဈေးဝယ်ကြသူများအနေဖြင့် အရေးပေါ်မီးလောင်မှုဖြစ်ပေါ်ပါက စနစ်တကျမီးငြိမ်းသတ်ရေးနည်းစနစ်များ၊ မီးသဘောသဘာဝများ၊ မီးအတန်းအစားအမျိုးမျိုး၊ မီးစတင်လောင်ကျွမ်းခြင်းများ၊ မီးသတ်ဆေးဘူးအမျိုးမျိုးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက အသိပညာပေးဟောပြောသည်။

ရန်ကုန်တိုင်းဒေသကြီး သဃင်းကျွန်းခရိုင် တာမွေမြို့နယ်စည်ပင်သာယာရေးကော်မတီအနေဖြင့် တာမွေမြို့နယ်ရှိ ရာပြည့်ဈေးကို ဈေးအင်္ဂါရပ်နှင့် ပြည့်စုံညီညွတ်မှုရှိစေရေးအတွက် ဈေးများအတွင်း သန့်ရှင်းသပ်ရပ်စေရေး၊ လုံခြုံမှုရှိစေရေးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချနိုင်စေရေး၊ နွေရာသီကာလတွင် အဆိုပါဈေးအတွင်း မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထက်အောင်လင်း (ပြန်/ဆက်)

## မြန်မာ့သမဝါယမ

❍ လူ့ဘောင်ဘဝ၊ ကျင်လည်ကြစဉ်
အတ္တ ပရ၊ မျှမျှတဖြင့်
အများကောင်းကျိုး၊ ထမ်းသယ်ပိုးမည်
တိုးပွားစေသား၊ ကြိုးစားအားဖြင့်
မိသားစုဟန်၊ တို့ရှုန်းကန်သည်
ပြန်လှန်ဖေးမ၊ ညီညွတ်ကြပြီး
စုစည်းဆုံးဖြတ်၊ ပေါင်းစပ်ကြံဉာဏ်
လဲကျပြန်ထ၊ ဝီရိယဖြင့်
မလျှော့လုံ့လ မြန်မာ့သမဝါယမ။

❍ နိုင်ငံ့စီးပွား၊ ရန်ပုံငွေအားဖြင့်
အများတောင်သူ၊ ဖေးမကူရန်
မွေးမြူရေးအစာ၊ မြေသြဇာနှင့်
လယ်ယာထွက်တိုး၊ ပြည့်စုံဖြိုးအောင်
မျိုးမြေရေနည်း၊ အသီးသီးကို
နည်းလမ်းကျနှ၊ အသုံးချလျက်
နွားဝက်ကြက်ဘဲ၊ ပြောင်းဝါပဲတို့
ထူးကဲအောင်မြင်၊ လွန်ပျော်ရွှင်၍
ဝင်ငွေတိုးရ ကုန်ထုတ်သမဝါယမ။

❍ ထွက်ရှိသီးနှံ၊ သားငါးလျှံဝေ
စားဝတ်နေမှု၊ ဖူလုံပြုရန်
တန်ဖိုးမြှင့်ကုန်၊ စက်ရုံအမျိုးမျိုး
တိုးတက်ကြံဆ စက်မှုသမဝါယမ။


❍ ရိုးရာလက်မှု၊ ထိန်းသိမ်းပြု၍
ကြည့်ရှုစဉ်လာ၊ ခေတ်မီစွာဖြင့်
လက်ရာဆန်းကြယ်၊ လှဂုဏ်ကြွယ်ပြု
လက်မှုထည်များ၊ လူ့စွမ်းအားနှင့်
ဝင့်ကြွားထုတ်ကြ လက်မှုသမဝါယမ။

❍ ငွေစုငွေချေး၊ ပို့ဆောင်ရေးနှင့်
ဆေးရုံဆေးခန်း၊ လုပ်ငန်းသွယ်သွယ်
ဟိုတယ်မကျန်၊ ဆောင်ရွက်ပြန်သော်
သင့်လျော်နှုန်းတူ၊ ပြည်သူခံစား
အကျိုးများလှ ဝန်ဆောင်မှုသမဝါယမ။

❍ ကုန်ထုတ်သမ၊ ထွက်သမျှနှင့်
ပြည်ပပြည်တွင်း၊ စီးဆင်းများစွာ
ဈေးမှာသင့်တင့်၊ ရောင်းမြှင့်သတ်မှတ်
အမြတ်မထား၊ အသင်းသားများ
ဖောက်ကားရောင်းဝယ် ကုန်သွယ်သမဝါယမ။

❍ မည်သည့်မျိုးစား၊ အသင်းများစု
လူမှုစီးပွား၊ မြင့်မားတိုးတက်
ရှေ့သို့ဆက်ရန်၊ ရည်စိတ်သန်လျက်
ဆက်စပ်ဖွဲ့ရေး၊ ပညာပေးပြီး
ကြီးကြပ်ထိန်းကျောင်း၊ လမ်းကြောင်းမှန်ပေါ်
ဖော်ဆောင်လှုပ်ရှား၊ ဌာနအားကူ
အေးတူပူမျှ၊ နှစ်တစ်ရာ့နှစ်ဆယ်ကြာ
စွယ်တော်ပမာ၊ နှစ်လွှာတစ်ရွက်
လှမ်းတက်ချီကြ၊ သမဝါယမဌာန
ရာမှထောင်ချီ နှစ်အလီလီ
အစွန့်ရှည်ကြာ တည်တံ့ပါစေသော်။ ။

**တာရီထွန်း**




မလိုသည့်မီးကို ပိတ်ထားခြင်းဖြင့်
လျှပ်စစ်မီးကို ချွေတာပါ။

# မြိတ်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာ နှမ်းနှင့် မတ်ပဲတို့ကို လျာထားကေပြည့်မီစေရန် စိုက်ပျိုးလျက်ရှိ

**မြိတ် ဒီဇင်ဘာ ၁၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာ၊ နှမ်းနှင့်မတ်ပဲတို့ကို လျာထားကေပြည့်မီစေရန် စိုက်ပျိုးလျက်ရှိကြောင်း မြိတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ဆောင်းသီးနှံများကို တောင်သူများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်စေရန်နှင့် အချိန်မီစိုက်ပျိုးနိုင်စေရန် မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့်အတူ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

"မြိတ်မြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာ၊ နှမ်းနဲ့ မတ်ပဲတို့ကို စိုက်ပျိုးမှာပါ။ စိုက်ပျိုးကေအားဖြင့် နေကြာကို စမ်းသပ်စိုက်ပျိုးတဲ့အနေနဲ့ စုစုပေါင်း ၁၂ ကေ စိုက်ပျိုးမှာဖြစ်ပါတယ်။ နှမ်းကို ၃၅ ကေ စိုက်ပျိုးပါမယ်။ မတ်ပဲကိုတော့ ၁၁၈ ကေ စိုက်ပျိုးဖို့ လျာထားဆောင်ရွက်နေပါတယ်"ဟု မြိတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်စိုးကပြောသည်။

ယခုအခါ မိုးစပါးများ ရိတ်သိမ်းပြီးစီးပြီဖြစ်သည့်အတွက် ဆောင်းသီးနှံများစိုက်ပျိုးရန် မြေပြုပြင်ခြင်းနှင့် ထွန်ယက်စိုက်ပျိုးခြင်းများကို စတင်ဆောင်ရွက်နေပြီဖြစ်၍ ဒီဇင်ဘာလတတိယပတ်တွင် လျာထားချက်၏ ၇၅ ရာခိုင်နှုန်းခန့် စိုက်ပျိုးပြီးစီးစေရန် သက်ဆိုင်ရာဌာနများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြိတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ယခုနှစ်ဆောင်းသီးနှံများ တစ်ကေအထွက်နှုန်းတိုးတက်စေရေးအတွက် အထောက်အကူပြုသင်တန်းများနှင့် ဆွေးနွေးပွဲများကျင်းပကာ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာနည်းစနစ်များ ဖြန့်ဝေပေးခြင်းအပြင် စိုက်ပျိုးရေရရှိရေးနှင့် တခြားပံ့ပိုးမှုများကိုလည်း ကူညီဆောင်ရွက်လျက်ရှိကြောင်း၊ မိုးစပါးရိတ်သိမ်းပြီးချိန်တွင် ဆောင်းသီးနှံများကို သီးထပ်စိုက်ပျိုးခြင်းဖြင့် တောင်သူများ အပိုဝင်ငွေရရှိကာ မိသားစုစားဝတ်နေရေးအတွက် အဆင်ပြေစေရန်၊ ဒေသတွင်း စားရေရိက္ခာဖူလုံမှုရှိစေရန်နှင့် စိုက်ပျိုးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်မှန်းထားကြောင်း သိရသည်။

**ဆောင်းဦး**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးပေး

**ကျောက်ဆည် ဒီဇင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာဖြစ်သည့် သပြေကုန်းကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ဒီဇင်ဘာလ ၁၇ ရက်တွင် အဆိုပါကျေးရွာ၌ စတုတ္ထအကြိမ်မြောက် ထုတ်ချေးပေးကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်စုအောင်က အဖွင့်အမှာစကားပြောကြားရာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခင်က စီမံကိန်းကျေးရွာများတွင် ရန်ပုံငွေထုတ်ချေးခြင်း၊ အရင်း၊ အတိုး ပြန်လည်ပေးဆပ်ခြင်းလုပ်ငန်းစဉ်များကို Manual Cash – based စနစ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ လုပ်ငန်းစဉ်များ ပိုမိုအဆင်ပြေချောမွေ့စေရန် Citizens Pay နှင့်ပူးပေါင်း၍ Mobile Financial Payment စနစ်သို့ ပြောင်းလဲအသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် Citizens Pay မှ တာဝန်ရှိသူများနှင့်မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက Citizens Pay ဖြင့် Digital နည်းပညာကိုအသုံးပြု၍ Mobile Phone မှတစ်ဆင့် သပြေကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦး စုစုပေါင်း ၁၂၂ ဦးအား အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ငွေကျပ် ၄၃၂ သိန်းကို ကျေးရွာသူ၊ ကျေးရွာသားများ လက်ဝယ်အရောက် ထုတ်ချေးပေးကြောင်း သိရသည်။ **နီလာ**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး(၁/၂၀၂၄)ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၇**

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး(၁/၂၀၂၄) ကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးသို့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် အဖွဲ့ဝင်ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများက ဥက္ကဋ္ဌများ၊ အရပ်ဘက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး/ပြည်နယ်ကလေးသူငယ် ကော်မတီအတွင်းရေးမှူးများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ကလေးသူငယ်များ၊ မသန်စွမ်း ကလေးသူငယ်များ၊ အမှုရင်ဆိုင်ဆဲ ရီမန် ကလေးသူငယ်များနှင့် တရားရုံးအသီးသီးတွင် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်များအတွက် လူငယ်သင်တန်းကျောင်း စုစုပေါင်း ၁၄ ကျောင်းကို ဖွင့်လှစ်ထားရှိပြီးကလေးသူငယ် ၂၆၅၀ဦးကိုအတန်းပညာ၊ ကျောင်းပြင်ပပညာရေး၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ၊ ကောင်းမွန်သော အလေ့အကျင့်ကောင်းများနှင့် Life Skill တို့ကိုသင်ကြားပေးပြီး ရပ်ရွာအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၁၈ ခုနှစ်မှ ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း ကာကွယ်စောင့်ရှောက်ရန်လိုအပ်သည့် ကလေးသူငယ်များ၊ ဥပဒေနှင့်ငြိစွန်းသည့် ကလေးသူငယ်များ၊ ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုခြင်းခံရသူ ကလေးသူငယ်များ၊ ကျား/မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာကိစ္စရပ်များ၊ ဥပဒေနှင့်ငြိစွန်းသည့် ဖြစ်ရပ် ၆၉၉၀ခု၊ ဥပဒေနှင့်မငြိစွန်းသည့်ဖြစ်ရပ် ၉၇၄ခု စုစုပေါင်း ၇၉၆၄ ကို စနစ်တကျမှတ်တမ်းတင်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေး (၁/၂၀၂၃)၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေအား ရှင်းလင်းတင်ပြခြင်း၊ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်ဖြင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး မူဝါဒ(မူကြမ်း)များနှင့် ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသော အမျိုးသားကော်မတီဝင်များမှ အထွေထွေဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(၅၀၀)

# ရန်ကင်းပညာရေးဒီဂရီကောလိပ်တွင် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကျင်းပ




**ရန်ကုန် ဒီဇင်ဘာ ၁၇**

ဆရာအတတ်ပညာဦးစီးဌာန ရန်ကင်းပညာရေးဒီဂရီကောလိပ်တွင် လေးနှစ်သင်ပညာရေးဘွဲ့ ပထမနှစ်သင်တန်း မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိမြတ်ပညာခန်းမ၌ပြုလုပ်သည်။

မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ရန်ကင်းပညာရေးဒီဂရီကောလိပ် ကျောင်းသား၊ ကျောင်းသူများက ကျောင်းသီချင်းသီဆို၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျောင်းသား၊ကျောင်းသူများက ခေတ်ငါးခေတ် ယိမ်းအက၊ ရခိုင်ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ရန်ကင်းပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဦးအောင်မြတ်စိုးက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ်ကျောင်းသား၊ကျောင်းသူများ၏ သစ်လွင်မောင်နှင့် သစ်လွင်မယ်ကို ဆုချီးမြှင့်ပေးကာ ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယနေ့သင်တန်းသို့ နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပထမနှစ် ကျောင်းသား ၂၅ ဦးနှင့်ကျောင်းသူ ၇၆ ဦး စုစုပေါင်း ၁၀၅ ဦး အပါအဝင်စတုတ္ထနှစ်အထိ ၇၆၀ ဦး တက်ရောက်နေကြောင်းနှင့် ယခုနှစ်တွင်သင်တန်းသား၊သင်တန်းသူများမှ ဘက်စုံထူးချွန်ထက်မြက်သောသူများကို ပညာရေးဝန်ကြီးဌာနက လူရည်ချွန်အဖြစ် ရွေးချယ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ

# အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းကော်မတီ အဖွဲ့ဝင်များအား စွမ်းရည်မြှင့်သင်တန်းနှင့် ဟိုတယ်နှင့် အစားအသောက်ဝန်ဆောင်မှု ဆိုင်ရာသင်တန်းများဖွင့်ပွဲသို့ ဒုတိယဝန်ကြီး ဦးဝင်းရှိန် တက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

အလုပ်သမားရေးရာလုပ်ငန်း ညှိနှိုင်းရေးကော်မတီ(WCC)အဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်သင်တန်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိအမျိုးသားလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးသင်တန်းကျောင်း၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက သင်တန်းတွင် (WCC) အဖွဲ့ဝင်များ အရည်အချင်းပြည့်ဝစေရန် ဝန်ကြီးဌာနရှိ ဦးစီးဌာနအလိုက် တာဝန်ခံအရာရှိများက သင်ကြားပို့ချပေးမည်ဖြစ်ပြီး ခုံသမာဓိကောင်စီဝင်များနှင့် ခုံသမာဓိအဖွဲ့ဝင်များက အငြင်းပွားမှုဖြေရှင်းရာတွင် ကြုံတွေ့ရသည့် အားသာချက်၊ အားနည်းချက်များကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း၊ (WCC) တွင် ဆွေးနွေးညှိနှိုင်းမှု အားကောင်းသည်နှင့် အမျှ အလုပ်ရှင်၊ အလုပ်သမားများအကြား ဆက်ဆံရေးပိုမိုကောင်းမွန်စေပြီး လုပ်ငန်းခွင်မပျက်ဆွေးနွေးညှိနှိုင်းအဖြေရှာ၍ ကောင်းမွန်သော လုပ်ငန်းခွင်ဆက်ဆံရေး တည်ထောင်နိုင်မည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ကမာရွတ်မြို့နယ်ရှိ M Hospitality & Tourism Institute သို့ သွားရောက်၍ ဟိုတယ်နှင့်အစားအသောက်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပို့ချနေမှုကို ကြည့်ရှုအားပေးပြီး M Hospitality & Tourism Institute သင်တန်းကျောင်းအနေဖြင့် ဟိုတယ်စားပွဲထိုးဝန်ဆောင်မှုသင်တန်းနှင့် အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်းအမျိုးအစားများအပြင် အလုပ်အကိုင်အခွင့်အလမ်းများသော အခြားဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းအမျိုးအစားများကို တိုးချဲ့ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်နှင့် သင်တန်းဆင်းများကို အရည်အသွေးအာမခံချက်ရှိစေရေးအတွက် NSSA အသိအမှတ်ပြု ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနများတွင် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ခံယူနိုင်ရေး ဆောင်ရွက်ပေးရန်မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“လက်နက်ကိုင်သောင်းကျန်းသူများရဲ့ အခမ့်ဆက်ကြေးကောက်လမ်းစဉ်ကို ဖဝါးထပ်လိုက်လာတဲ့ အကြမ်းဖက် PDF တွေကြောင့် အညာဒေသမှ တောင်သူများ ဒုက္ခရောက်နေ”**ခေါင်းစဉ်ဖြင့် ၁၈-၁၂-၂၀၂၄ ရက်**(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“တော်လှန်ရေးခေါင်းစဉ်ပြပြီး အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးသတ်ဖြတ်မှုများကို မစွန့်လွှတ်နိုင်သေးသူများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။





ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်နေမှုကို ပရိသတ်များကကြည့်ရှုအားပေးစဉ်။

■ ရှေ့ဖုံးမှအဆက်

**ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B) ရုံ၌ကျင်းပရာ အမျိုးသားဘော်လီဘောပြိုင်ပွဲ**တွင် ပြည်ထဲရေး ဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲ ၁ ပွဲ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ **အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင်** ပြည်ထဲရေးဝန်ကြီးဌာနအသင်းက အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို ၃ ပွဲ ၁ ပွဲ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲများကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A) ရုံ၌ကျင်းပရာ **အမျိုးသားပိုက်ကျော်ခြင်း လေးယောက်တွဲပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို** ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကစားကြပြီး **အမျိုးသားပိုက်ကျော်ခြင်း သုံးယောက်တွဲပြိုင်ပွဲ တတိယလုပွဲတွင်** ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲ ၁ ပွဲ၊ **ဗိုလ်လုပွဲစဉ်တွင်** အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲ ၁ ပွဲဖြင့် အနိုင်ရရှိကာ **အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပထမ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ဒုတိယ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက တတိယဆု**ကိုလည်းကောင်း ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်ရုံ၌ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ၂ ဂိုး ဂိုးမရှိ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို ၂ ဂိုး ၁ ဂိုး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို ၄ ဂိုး ၃ ဂိုး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို ၅ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ကရာတေးပြိုင်ပွဲ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း TC-1 ကာရာတေးရုံ၌ကျင်းပရာ **အမျိုးသား ၆၀ ကီလိုအောက် "ကုမိတဲ့" ပြိုင်ပွဲ**တွင် ရခိုင်ပြည်နယ်မှ အောင်ဇာနည်မင်းက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ ဇင်မင်းမြတ်က ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ထွန်းဇော်ဦးနှင့် မန္တလေးတိုင်းဒေသကြီးမှ အောင်ချမ်းသာတို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ **အမျိုးသား ၆၇ ကီလိုအောက် "ကုမိတဲ့" ပြိုင်ပွဲတွင်** ရှမ်းပြည်နယ်မှ ကျော်ဇင်ဝင်းထွဋ်က ပထမ၊ ကယားပြည်နယ်မှ သိန်းထိုက်ဇော်က ဒုတိယ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ လင်းထက်ထွန်းနှင့် ရခိုင်ပြည်နယ်မှ မြတ်သန်းထိုက်တို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ **အမျိုးသား ၇၅ ကီလိုအောက် စာမျက်နှာ ၁၂ သို့** ■





ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်နေမှုကို ပရိသတ်များကကြည့်ရှုအားပေးစဉ်။



ဝန်ကြီးဌာပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်တွင် မကွေးတိုင်းဒေသကြီးအမျိုးသမီးအသင်းယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားအသင်းလိုက် စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်စဉ်။

■ စာမျက်နှာ ၁၁ မှအဆက်

**“ကုမိတဲ့” ပြိုင်ပွဲတွင်** စစ်ကိုင်းတိုင်းဒေသကြီးမှ သက်ပိုင်ထွန်းက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ ဇေယျာထူးထူးက ဒုတိယ၊ ရှမ်းပြည်နယ်မှ သီဟလင်းဟိန်းနှင့် ရောဝတီတိုင်းဒေသကြီးမှ ဆန်းလွင်တို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ **အမျိုးသမီး ၅၀ ကီလိုအောက် “ကုမိတဲ့” ပြိုင်ပွဲတွင်** ကချင်ပြည်နယ်မှ လင်းစန္ဒာဌေးက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ အိမ့်ခြူးမောင်က ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဖြူဖြူဝင်းနှင့် မန္တလေးတိုင်းဒေသကြီးမှ ဟန်သီရိအောင်တို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ **အမျိုးသမီး ၅၅ ကီလိုအောက် “ကုမိတဲ့” ပြိုင်ပွဲ** တွင် ကယားပြည်နယ်မှ သင်းသင်းယုအောင်က ပထမ၊ ရခိုင်ပြည်နယ်မှ စိုးစိုးစံက ဒုတိယ၊ ရှမ်းပြည်နယ်မှ ဘောဘီနှင့် ပဲခူးတိုင်းဒေသကြီးမှ လင်းလင်းထက်တို့က ပူးတွဲတတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C) ရုံ၌ ကျင်းပရာ **အမျိုးသမီး ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ်များ**ကို ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အားကစားသမားများက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဆီမီးဖိုင်နယ် ပွဲစဉ်များ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘိလိယက်ရုံ၌ ကျင်းပရာ **ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲတွင်** ရောဝတီတိုင်းဒေသကြီးမှ ကျော်စွာဝင်းက ရန်ကုန်တိုင်းဒေသကြီးမှ အောင်နိုင်စိုးကို ၃ပွဲ၁ပွဲ၊ မကွေးတိုင်းဒေသကြီးမှ လင်းအောင်က ပြည်ထောင်စုနယ်မြေနေပြည်တော်မှ ကျော်ဌေးကို ၃ ပွဲ ၁ပွဲ၊ **စနူကာ 15 – Red တစ်ဦးချင်းပြိုင်ပွဲတွင်** ကရင်ပြည်နယ်မှ မျိုးသူရအောင်က မကွေးတိုင်းဒေသကြီးမှ ကျော်ဝေယံစိုးကို ၃ ပွဲပြတ်၊ မကွေးတိုင်းဒေသကြီးမှ ကောင်းစျာန်ထက်က ကရင်ပြည်နယ်မှ သက်မှူးကြည်လှိုင်ကို ၃ ပွဲ ၂ ပွဲဖြင့်လည်းကောင်း၊ **ဘိလိယက် နှစ်ယောက်တွဲ ပြိုင်ပွဲတွင်** ရောဝတီတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၃ပွဲ ၁ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ **စနူကာ 15 – Red နှစ်ယောက်တွဲပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို ၃ ပွဲ ၂ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား အသင်းလိုက် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်၊ အမျိုးသမီး အသင်းလိုက် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဖွဲ့ရုံ၌လည်းကောင်း၊ **ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ တတိယလုပွဲနှင့် ဗိုလ်လုပွဲစဉ်**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)နှင့် ရွှေကြာပင်အားကစားကွင်းတို့၌ လည်းကောင်း၊ **ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား အသင်းလိုက် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်၊ အမျိုးသမီး အသင်းလိုက်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း တင်းနစ်ကွင်း၌လည်းကောင်း၊ **ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲ အမျိုးသား ၉၆ ကီလိုတန်း ဗိုလ်လုပွဲစဉ်နှင့် အမျိုးသမီး ၆၄ ကီလိုတန်း ဗိုလ်လုပွဲစဉ်**တို့ကို အလေးမရုံ၌လည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့်ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ဂူရှူးပြိုင်ပွဲ**ကို ရွှေကြာပင်အားကစားရုံ၌ ကျင်းပရာ **ထောက်လုပြိုင်ပွဲ** အမျိုးသား/အမျိုးသမီး သောင်းစုပွဲစဉ်၊ အမျိုးသား/ အမျိုးသမီး ကျန့်စုပွဲစဉ်၊ အမျိုးသား/အမျိုးသမီး နန်းသောင်းပွဲစဉ်၊ **ဆန်းဆိုပြိုင်ပွဲ** အမျိုးသား ၄၈၊ ၅၂၊ ၅၆၊ ၆၀၊ ၆၅၊ ၇၀ ကီလိုတန်းပွဲစဉ်များ၊ အမျိုးသမီး ၄၅၊ ၄၈၊ ၅၂၊ ၅၆၊ ၆၀ ကီလိုတန်း ပွဲစဉ်များကို ပြည်နယ်နှင့်တိုင်းဒေသကြီးများမှအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြပြီး **ထောက်လုပြိုင်ပွဲ အမျိုးသားထိုက်ချီကျန့်ပွဲစဉ်**တွင် မန္တလေးတိုင်းဒေသကြီးမှ မင်းသုတက ပထမ၊ မကွေးတိုင်းဒေသကြီးမှ လွှမ်းထက်အောင်က ဒုတိယ၊ ပဲခူးတိုင်းဒေသကြီးမှ ခေတ်မင်းခန့်က တတိယဆုကိုလည်းကောင်း၊ **အမျိုးသမီး ထိုက်ချီကျန့် ပွဲစဉ်တွင်** မကွေးတိုင်းဒေသကြီးမှ နဒီမြင့်မိုရ်အောင်က ပထမ၊ မန္တလေးတိုင်းဒေသကြီးမှ ဖူးဝေကိုက ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးမှ သက်လမင်းနွေးက တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားဝါသနာရှင်ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်းသိရသည်။

(သတင်းစဉ်)



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်နေမှုကို ပရိသတ်များက ကြည့်ရှုအားပေးစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ရောဝတီတိုင်းဒေသကြီး အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။




ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား အလေးမပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

# လှပသောကျေးရွာနှင့် ခေတ်မီစံပြကျေးရွာ

ခန့်ဇော်(ကျေးလက်)

စာရေးသူအနေဖြင့် ၂၉-၁၀-၂၀၂၄ ရက်နေ့မှ ၁-၁၁-၂၀၂၄ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းမြို့တွင်ကျင်းပသည့် ၂၀၂၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ဆင်းရဲမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်သို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးခဲ့သလို တရုတ်နိုင်ငံအပါအဝင် ဖိုရမ်တက်ရောက်လာတဲ့ (၁၁) နိုင်ငံရဲ့ဆောင်ရွက်ချက်များကိုလည်း လေ့လာခွင့်ရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ တရုတ်နိုင်ငံရဲ့အကူအညီနဲ့ ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေး စံပြစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ အေးချမ်းသာစံပြကျေးရွာနှင့် လယ်ဝေးမြို့နယ် မင်းပြင်စံပြကျေးရွာတွင် ရှေ့ပြေးစီမံကိန်းအဖြစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စီမံကိန်းအောင်မြင်စွာပြီးစီးခဲ့ပါတယ်။

ဒီစီမံကိန်းဒီဇိုင်းအတွေ့အကြုံကိုယူပြီး ခေတ်မီစံပြကျေးရွာ (SMART VILLAGE) စီမံကိန်းကို ပြည်နယ်/တိုင်းဒေသကြီးအားလုံးတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အထိ မြို့နယ်ပေါင်း (၁၀၄)မြို့နယ် စုစုပေါင်း (၁၂၈)ရွာ ဆောင်ရွက်နိုင်နေပြီဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရာမှာ မိသားစုဝင်ငွေတိုးပွားရေး တစ်ခုတည်းသာမဟုတ်ဘဲ အစိုးရက ပေးရမယ့် အခြေခံဝန်ဆောင်မှုတွေဖြစ်တဲ့ လမ်း၊ ရေ၊ မီး တို့အပါအဝင်ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အဦ လိုအပ်ချက်များကိုပါ ဖြည့်ဆည်းပေးရန်လိုအပ်ပြီး တည်ငြိမ်အေးချမ်းမှု၊ သဘာဝဘေးအန္တရာယ်စတာတွေကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရပါတယ်။

SMART VILLAGE အတွက် ဒီဇိုင်းလုပ်တော့ ဘက်စုံ၊ ကဏ္ဍစုံလိုအပ်ချက်များဖော်ထုတ်၍ (၅)နှစ်စီမံကိန်းလျာထားပြီး လိုအပ်ချက်များကို ပြည်ထောင်စုဘတ်ဂျက်/ပြည်နယ်/တိုင်းဒေသကြီးအစိုးရဘတ်ဂျက်တို့ဖြင့် ပူးပေါင်းဆောင်ရွက်ရန် စဉ်းစားခဲ့ပါတယ်။ ဌာနတစ်ခုတည်း အကောင်အထည်ဖော်တာ မဟုတ်ဘဲ ဝန်ကြီးဌာနအားလုံးက မိမိတို့ဌာနနဲ့ဆိုင်တာအားလုံးကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်တဲ့ ဒီဇိုင်းရေးဆွဲဆောင်ရွက်ခဲ့ပါတယ်။

ခေတ်မီစံပြကျေးရွာစီမံကိန်းရဲ့အဓိကလုပ်ငန်းများကတော့-

(က) **ကျေးရွာ အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေး။** ကျေးရွာချင်းဆက်လမ်း၊ ကျေးရွာတွင်းလမ်း၊ ရေရရှိရေး၊ မီးလင်းရေး၊ ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာအဆောက်အအုံများ၊ ကျေးရွာခန်းမများ၊ စာကြည့်တိုက်များ၊ စိုက်ပျိုးရေရရှိရေး ဆည်မြောင်းတာမံပြုပြင်မွမ်းမံခြင်းများ၊ စိုက်ပျိုးရေဆိုလာစနစ် တပ်ဆင်ပေးခြင်း၊ ဒစ်ဂျစ်တယ်အခြေခံအဆောက်အဦတည်ဆောက်ခြင်းများ၊ စနစ်တကျလယ်ယာမြေဖော်ထုတ်ခြင်းများနဲ့ မီးသဂြိုဟ်စက် တည်ဆောက်ပြုပြင်ခြင်းများ ဆောင်ရွက်ပါတယ်။

(ခ) **သွင်းအားစုနှင့် ငွေကြေးဝန်ဆောင်မှုကဏ္ဍ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု စီးပွားရေးလုပ်ငန်းများအတွက် အရင်းအနှီးရရှိစေရေး၊ ကျေးရွာမတည်ရန်ပုံငွေ ထူထောင်ပေးခြင်း၊ သွင်းအားစုများ ပံ့ပိုးခြင်း၊ ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ငွေကြေးဝန်ဆောင်မှုတွင် ဘဏ်စနစ်ဖြင့်ချိတ်ဆက်ပေးခြင်း၊ Digital Service၊ Digital Payment စနစ်များ ဖွံ့ဖြိုးလာအောင်ဆောင်ရွက်ခြင်းတို့ ပါဝင်ပါတယ်။


(ဂ) **ကျေးရွာအသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးမြှင့်မားရေးကဏ္ဍ။** စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာလုပ်ငန်းများ၊ အိမ်တွင်းမှုလက်မှုပညာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများ၊ စားသောက်ကုန်/လူသုံးကုန်အတွက် Value Added ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးလုပ်ငန်းများ၊ စက်မှုလယ်ယာအပါအဝင် အခြားဝန်ဆောင်မှု လုပ်ငန်းများ၊ ဈေးကွက်အချက်အလက် စုဆောင်းခြင်းနှင့်ဈေးကွက်ချိတ်ဆက်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးပါတယ်၊

(ဃ) **အသင်းအဖွဲ့များခိုင်မာအားကောင်းစေရေးကဏ္ဍ။** ကျေးရွာသမဝါယမအသင်းများ၊ စိတ်တူကိုယ်တူ(Self-Help Groups-SHG)အဖွဲ့များထူထောင်ပေးခြင်း၊ စိုက်ပျိုးမွေးမြူရေး အသိပညာပေး အမြင်ဖွင့်သင်တန်းများပို့ချခြင်း၊ တောင်သူအသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ပြန်လှန်လေ့လာရေးအစီအစဉ်များ ဆောင်ရွက်ခြင်းများ ပါဝင်ပါတယ်။

(င) **လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍ။** ထိခိုက်လွယ်အုပ်စုများအတွက် Cash for Work အစီအစဉ်များဆောင်ရွက်ခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖန်တီးပေးခြင်း၊ ကျား-မရေးရာအသိပညာပေးခြင်းများ ဆောင်ရွက်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် သက်ကြီးရွယ်အိုများအားငွေကြေးပံ့ပိုးခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပြည်သူလူထုအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးပါတယ်။

(စ) **သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးကဏ္ဍ။** ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲခြင်း၊ အစုအဖွဲ့ပိုင်သစ်တောများထူထောင်ခြင်း၊ ကျေးရွာတွင်းနှင့် ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေးဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ဘေးအန္တရာယ်ကာကွယ်ရေးအသိပညာပေးခြင်း၊ အစိမ်းရောင်ဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို SMART VILLAGE စီမံကိန်းတွင် ထည့်သွင်းဆောင်ရွက်ထားရှိပါတယ်။

ဖိုရမ်မှာ Liaoning University မှဥက္ကဋ္ဌဖြစ်သူ Professor Yu Miaojie က တရုတ်နိုင်ငံအတွင်း ဆင်းရဲမှုလျှော့ချရေးမှသည်ခေတ်မီလှပသောကျေးရွာများ ထူထောင်ခြင်းခေါင်းစဉ်ကို Power-Point ဖြင့် ရှင်းလင်းတင်ပြပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ခေတ်မီလှပသောကျေးရွာ တည်ဆောက်ခဲ့တဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်ကို လေ့လာခွင့်ရရှိခဲ့ပါတယ်။



လှပသောကျေးရွာ (lijiachang Village)ရှိ Smart Ecology Vegetable Field အား တွေ့ရစဉ်။

**ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ခေတ်မီလှပသော ကျေးရွာတည်ဆောက်ခြင်း**

(၁) **နေထိုင်စရာပတ်ဝန်းကျင်ကောင်းဖန်တီးခြင်း။** ယင်လုံအိမ်သာသုံးစွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ခဲ့ရာ ကျေးလက်ယင်လုံအိမ်သာ သုံးစွဲမှုနှုန်းသည်တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ၇၀ ရာခိုင်နှုန်းကျော်လွှမ်းခြုံနိုင်ခဲ့ပြီဖြစ်ခြင်း၊ သူနာပြုဦးရေ ၁ ဒသမ ၅ သန်းခန့်ရှိသည့်မြို့နယ်ကျန်းမာရေးစင်တာပေါင်း ၃၃၉၁၇ ခု ဆောင်ရွက်ပေးနိုင်ခဲ့ပြီး အနည်းဆုံးရှိရမည့် လူမှုဖူလုံမှုအဆင့်ရရှိသည့် ကျေးလက်နေလူဦးရေ ၃၃ ဒသမ ၄၉၆ သန်းရှိ၍ စုစုပေါင်းယွမ် ၁၄၆ ဒသမ ၃၆ ဘီလီယံ ကျခံသုံးစွဲခဲ့ကြောင်း သိရှိရပါတယ်။

(၂) **စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု။** စိုက်ပျိုးရေးကဏ္ဍတွင် လယ်ယာသုံးစက်ကိရိယာနှင့် အကြီးစားစက်ယန္တရားများအသုံးပြုနိုင်ခဲ့ပြီး လယ်ယာစိုက်ပျိုးရေးသုံး စက်ယန္တရားများ၏ စွမ်းအင်အသုံးပြုမှု ၁ ဒသမ ၁ ဘီလီယံ မဂ္ဂါဝပ်ကျော်ထိ ရောက်ရှိခဲ့ကြောင်း သိရပါတယ်။

(၃) **စိုက်ပျိုးရေးဆိုင်ရာဂေဟဗေဒစနစ်။** ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်အနေဖြင့် အိမ်သုံးဇီဝဓာတ်ငွေ့ဖိုပေါင်း ၁၅ ဒသမ ၁၇ သန်းရှိပြီး ဇီဝဓာတ်ငွေ့စီမံကိန်းအရေအတွက်ခုနစ်သောင်းကျော်၊ ဆိုလာစွမ်းအင်သုံးရေပူစက်များ တပ်ဆင်ထားရှိသည့် ဧရိယာသန်းပေါင်း ၇၇၉၁ ဒသမ ၈ စတုရန်းမီတာ၊ ဆိုလာစနစ်တပ်ဆင်ထားရှိသည့်အခန်းများ ဧရိယာသန်းပေါင်း ၁၃၉၇ ဒသမ ၈ စတုရန်းမီတာနှင့်ဆိုလာစွမ်းအင်သုံးမီးဖိုပေါင်း ၈၀၁၈၂၅ ခန့် ရှိလာခြင်း၊ ရေကြီးရေလျှံမှုလျှော့ချနိုင်ခဲ့သည့်ဧရိယာဟတ်တာပေါင်း ၂ ဒသမ ၄ သန်း၊ မြေဆီလွှာတိုက်စားမှုထိန်းသိမ်းရေးဧရိယာဟတ်တာပေါင်း ၁၅၆ သန်းခန့်ရှိပြီး တာတမံများ၏အရှည်သည် ကီလိုမီတာပေါင်း ၃၃၁၀၀၀ နှင့် ကာကွယ်ထားရှိသည့် စိုက်ပျိုးမြေယာဟတ်တာပေါင်း ၄၁၉၇ ဒသမ ၂ သန်းရှိတယ်လို့ ဆိုပါတယ်။

**ကျေးလက်ဒေသရှိ စက်မှုလက်မှုဆိုင်ရာမူဝါဒများဖြင့် သာယာလှပသော ကျေးရွာအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း**

တရုတ်နိုင်ငံအနေဖြင့် အောက်ဖော်ပြပါ စက်မှုလက်မှုဆိုင်ရာမူဝါဒများဖြင့် ကျေးရွာသာယာလှပအောင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်-

(၁) **စိုက်ပျိုးရေးကဏ္ဍတွင် စက်မှုစွမ်းအားထွန်းကားရေး။** လုပ်သား၊ မြေယာ၊ အရင်းအနှီးနှင့် အခြားသောသွင်းအားစုအချက်များ ဖြည့်ဆည်းပေးခြင်း၊ ကျေးလက်ဒေသများတွင် ပြောင်းရွှေ့နေထိုင်လုပ်ကိုင်နိုင်ကြစေရန် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း။

(၂) **ဦးဆောင်အဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်နိုင်ရန် ပံ့ပိုးခြင်း။** စိုက်ပျိုးရေးလုပ်ငန်းများ ပေါင်းစည်းဆောင်ရွက်သည့်စီမံကိန်းများတွင် ပါဝင်သော ဦးဆောင်အဖွဲ့အစည်းများက စီမံကိန်းရန်ပုံငွေများအား ဦးစားပေးခွဲဝေပေးခြင်း။

(၃) **ကျေးလက်ဒေသတည်ဆောက်ရေးလုပ်ငန်းများတွင် ဒစ်ဂျစ်တယ်စနစ်အသုံးပြုခြင်း။** ၂၀၂၂ ခုနှစ်တွင် ဝန်ကြီးဌာနပေါင်း ရှစ်ခုမှ “ခရိုင်၊ မြို့နယ်နှင့်ကျေးရွာအီလက်ထရွန်နစ်ကူးသန်းရောင်းဝယ်ရေးစနစ်(E-commerce)များနှင့် အမြန်ထောက်ပံ့ပို့ဆောင်ရေး/ဖြန့်ဖြူးရေးစနစ်များကို ပေါင်းစည်း၍ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်းဆိုင်ရာ ကြေညာချက်” ထုတ်ပြန်ခဲ့ခြင်း။

(၄) **ခေတ်မီစံပြစိုက်ပျိုးရေးစနစ်။** ခေတ်မီစံပြစိုက်ပျိုးရေးစနစ်ကို ငါးနှစ်စီမံကိန်း၏ အမှတ်စဉ် ၁၃ နှင့် ၁၄ တွင်ဖော်ပြထားပြီး ကျေးလက်ဒေသများ ပြန်လည်ထူထောင်မြှင့်တင်ရေး ဥပဒေမှာလည်း ထည့်သွင်းထားရှိခြင်း။

(၅) **ဒေသတွင်း ကျေးလက်စက်မှုလုပ်ငန်းများ၏နှိုင်းရအားသာချက်။** ကျေးလက်ခရီးသွားလုပ်ငန်း၊ အနားယူ အပန်းဖြေစခန်းများနှင့် တွဲဖက်ထားသည့်စိုက်ပျိုးရေးလုပ်ငန်းတို့တွင် သရုပ်ပြဆောင်ရွက်မည့်ခရိုင်များအား ၂၀၁၀ ပြည့်နှစ်ကတည်းက ကြေညာခဲ့ပြီး ၂၀၁၈ ခုနှစ်တွင်စိုက်ပျိုးရေးနှင့်ကျေးလက်ရေးရာဝန်ကြီးဌာနမှ “အနားယူအပန်းဖြေစခန်းများနှင့် တွဲဖက်ထားသည့် စိုက်ပျိုးရေးလုပ်ငန်းနှင့် ကျေးလက်ခရီးသွားလုပ်ငန်း အဆင့်မြှင့်တင်ရေး လှုပ်ရှားမှု”ဆိုင်ရာ ကြေညာချက်များကို ထုတ်ပြန်ခဲ့ခြင်း။

(၆) **ဒေသထွက်စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများကဏ္ဍ။** ၂၀၁၇ ခုနှစ်တွင် ဒေသအခြေအနေနှင့်လိုက်ဖက်ပြီး ထူးခြားမှုရှိသည့် စိုက်ပျိုးရေးထုတ်ကုန်များဖွံ့ဖြိုးလာစေရန်စိုက်ပျိုးရေးထုတ်ကုန်ဆိုင်ရာ အားသာချက်ရှိသည့်ဒေသများ သတ်မှတ်တည်ထောင်ခဲ့ခြင်း။

စာမျက်နှာ ၁၄ သို့ ▸▸

▸▸ စာမျက်နှာ ၁၃ မှအဆက်

(၇) **စက်မှုလုပ်ငန်းများ ပေါင်းစည်းရေးကဏ္ဍ။** အရည်အသွေးမြင့်တန်ဖိုးမြင့် ထုတ်ကုန်များထုတ်လုပ်ပြီး ရောင်းဝယ်ဖောက်ကားခြင်း၊ စက်ရုံ အလုပ်ရုံများ ပေါင်းစည်းလုပ်ကိုင်ခြင်း၊ စက်မှုလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ပါတယ်။

**ဝင်ငွေတိုးရန်အတွက် ပုဂ္ဂလိကကဏ္ဍနှင့် ချိတ်ဆက်ဆောင်ရွက်သင့်မှု**

နိုင်ငံတိုင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ကြိုးစားဆောင်ရွက်နေကြတာဖြစ်ပါတယ်။ ဒီနေရာမှာ နိုင်ငံတော်အစိုးရရဲ့တာဝန်နဲ့ နိုင်ငံသားတာဝန်ဆိုပြီး နှစ်ပိုင်းရှိပါတယ်။ အစိုးရတာဝန်ကတော့ ဦးတည်ချက်၊ မျှော်မှန်းချက်တွေ ချမှတ်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်း၊ အခြေခံအဆောက်အဦများ တည်ဆောက်ပေးခြင်းအပြင် နိုင်ငံသားတိုင်း ပညာသင်ယူခွင့်ရအောင် ဆောင်ရွက်ပေးခြင်း စသည်တို့ဖြစ်ပြီး နိုင်ငံသားတာဝန်ကတော့ နိုင်ငံတော်ကချမှတ်ထားတဲ့ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ဖို့နဲ့ စည်းလုံးညီညွတ်မှုရှိရှိ တာဝန်သိသိနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့နဲ့ ပညာသင်ယူရမယ့်အရွယ်မှာ ပညာတတ်မြောက်အောင် သင်ယူကြဖို့ပဲဖြစ်ပါတယ်။ နိုင်ငံသားတိုင်း ပညာတတ်မှ ၎င်းတို့ကိုယ်တိုင်အတွက်၊ ကိုယ့်မိသားစုအတွက်၊ စားဝတ်နေရေးအတွက်အလုပ်လုပ်နိုင်ပြီး တစ်ဦးချင်းဝင်ငွေတိုးပွားမှုမှတစ်ဆင့် နိုင်ငံ့စီးပွားမြင့်မားရေးဆီ ဦးတည်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

ဒါ့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတော်အတွင်းနေထိုင်ကြတဲ့ လူအားလုံးမှာ တာဝန်ရှိပါတယ်။

လုပ်ရမယ်ဆိုတဲ့အသိနဲ့ ကြိုးစားဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ နိုင်ငံသားတိုင်း အမှား/အမှန် ခွဲခြားသိမြင်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့လိုအပ်သလို မိမိကိုယ်ကို ဖွံ့ဖြိုးတိုးတက်အောင် (Self–Development) ကြိုးစားကြဖို့လည်း လိုအပ်ပါတယ်။



ရေဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် အနောက်စုကြီးစံပြကျေးရွာအား တွေ့ရစဉ်။

တစ်ဦးချင်း စွမ်းဆောင်ရည်မြင့်မားမှ အစုအဖွဲ့အလိုက်၊ ရွာအလိုက်၊ မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ လုပ်နိုင်စွမ်းကို လုပ်သာကိုင်သာရှိမှု လုပ်နိုင်အောင် ဖန်တီးပေးမှုတွေနဲ့ ပံ့ပိုးပေးဖို့လိုပါတယ်။ အစိုးရများအနေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးအပါအဝင် စီးပွားရေးလုပ်ငန်းတွေ လုပ်နိုင်လာအောင်၊ လုပ်သာကိုင်သာရှိအောင် ဥပဒေစည်းမျဉ်းတွေ၊ လုပ်ထုံးလုပ်နည်းတွေချမှတ်ထားရှိပြီး စီမံဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ နိုင်ငံတကာနဲ့တရုတ်နိုင်ငံရဲ့အတွေ့အကြုံတွေအရ မြန်မာနိုင်ငံမှာ ဆောင်ရွက်သင့်တဲ့လုပ်ငန်းတွေကတော့–

(က) ပုဂ္ဂလိကဦးဆောင်တဲ့ စုပေါင်းလယ်ယာစနစ်၊ စက်မှုလယ်ယာစနစ်ကို သမဝါယမစနစ်အသွင်ဖြင့် ပုဂ္ဂလိကနှင့် တောင်သူများပါဝင်သည့် ရေရှည်ပူးပေါင်းဆောင်ရွက်မှုစနစ်ရရှိရန်၊ ပူးပေါင်းလုပ်ဆောင်ရန်အတွက် ဥပဒေ၊ မူဝါဒလမ်းညွှန်မှုများလိုအပ်ပြီး တောင်သူတွေ သိမြင်လာအောင်၊ ကြိုးစားဆောင်ရွက်ချင်စိတ်ဖြစ်ပေါ်လာအောင်နဲ့ ကြိုးစားဆောင်ရွက်လာအောင် တွန်းအားပေးဆောင်ရွက်ဖို့အတွက်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း။

(ခ) စိုက်ပျိုးမွေးမြူရေးအတွက် အရင်းအနှီးလိုအပ်ချက်ကို ရယူဆောင်ရွက်နိုင်မည့်မူဝါဒများ အစိုးရမှ ချမှတ်ထားပေးခြင်း၊ ပုဂ္ဂလိကဘဏ်များထံမှရယူခြင်းများ ဆောင်ရွက်သင့်ခြင်း။

(ဂ) အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် စက်မှုလယ်ယာစနစ် ဖော်ဆောင်ရာတွင်မြေကိုတောင်သူကပိုင်ပြီး အရင်းအနှီးကို ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ရင်းနှီးဆောင်ရွက်မည့် နှစ်ဦးနှစ်ဖက်အကျိုးရှိ၍ ရေရှည်ပူးပေါင်းဆောင်ရွက်နိုင်မည့် မူဝါဒ၊ လုပ်ငန်း လမ်းညွှန်ချက် များချမှတ်ပြီး Pilot(ရှေ့ပြေး) ဆောင်ရွက်ခြင်းမှတစ်ဆင့် တိုးချဲ့ဆောင်ရွက်သင့်ခြင်း၊ အသင်းသားတောင်သူများရဲ့ ရပိုင်ခွင့်များကို ရှေ့ပြေးစီမံကိန်း(Pilot Project)များမှတစ်ဆင့် ရိုးရိုးရှင်းရှင်းနှင့် ပွင့်လင်းမြင်သာစွာ နမူနာပြဆောင်ရွက်သင့်ခြင်းတို့ဖြစ်ပါတယ်။

သာယာလှပသော နေချင်စဖွယ်ခေတ်မီစံပြကျေးရွာများဖြစ်စေရန် အစိုးရမှတွန်းအားပေးပြီး မူဝါဒချမှတ်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင်ဆောင်ရွက်ရာမှာ အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရုံသာမက ဈေးကွက်ချိတ်ဆက်နိုင်အောင်ပါ ဖန်တီးပေးရမှာဖြစ်ပြီး ခရီးသွားလုပ်ငန်းနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းများပါ ဖွံ့ဖြိုးလာစေရန် အနားယူအပန်းဖြေစရာနေရာများနဲ့ စိုက်ပျိုးရေးတွဲဖက်ထားရှိသည့် Lesiure Agriculture လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာအောင် ဆောင်ရွက်ခြင်း၊ ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်ရန် မတူကွဲပြားသည့်ယဉ်ကျေးမှုဓလေ့၊ သရုပ်သကန်များ ဖော်ထုတ်ပြသခြင်းတို့ကို ဆောင်ရွက်သင့်ပါတယ်။ အလုံးစုံဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းကျော်ပြည်သူများနေထိုင်ရာ ကျေးလက်တောရွာများ ခေတ်မီသာယာလှပဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် ကျေးလက်နေပြည်သူများ ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါကြောင်း ရေးသားလိုက်ရပါတယ်။ ။

ပဋ္ဌမအကြိမ်အမျိုးသားအားကစားပွဲတော်
ဝန်ကြီးဌာနအလိုက် ၁၇-၁၂-၂၀၂၄ ရက်နေ့ထိ ဆုရရှိမှုအခြေအနေ

| စဉ် | ဝန်ကြီးဌာန | ဆုရရှိမှု | | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | စုစုပေါင်း | |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာန | ၁၃ | ၁၀ | ၉ | ၃၂ | |
| ၂ | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | ၁၁ | ၇ | ၇ | ၂၅ | |
| ၃ | ပြည်ထဲရေးဝန်ကြီးဌာန | ၉ | ၈ | ၁၀ | ၂၇ | |
| ၄ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၇ | ၁၁ | ၈ | ၂၆ | |
| ၅ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၂ | ၂ | ၁ | ၅ | |
| ၆ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ၁ | ၃ | ၁ | ၅ | |
| ၇ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ၁ | ၂ | ၃ | ၆ | |
| ၈ | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ၁ | | | ၁ | |
| ၉ | ပညာရေးဝန်ကြီးဌာန | ၁ | | | ၁ | |
| ၁၀ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | | ၂ | | ၂ | |
| ၁၁ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | | ၁ | | ၁ | |
| ၁၂ | အလုပ်သမားဝန်ကြီးဌာန | | | ၃ | ၃ | |
| ၁၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | | | ၁ | ၁ | |
| ၁၄ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | | | ၁ | ၁ | |
| ၁၅ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | | | ၁ | ၁ | |
| ၁၆ | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | | | ၁ | ၁ | |
| | စုစုပေါင်း | ၄၆ | ၄၆ | ၄၆ | ၁၃၈ | |

ပဋ္ဌမအကြိမ်အမျိုးသားအားကစားပွဲတော်
ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်အလိုက်
၁၇-၁၂-၂၀၂၄ ရက်နေ့ထိဆုရရှိမှုအခြေအနေ

| စဉ် | ပြည်နယ်နှင့် တိုင်းဒေသကြီး | ဆုရရှိမှု | | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | စုစုပေါင်း | |
| ၁ | ရန်ကုန် | ၆၃ | ၃၃ | ၃၀ | ၁၂၆ | |
| ၂ | ရှမ်း | ၂၅ | ၂၇ | ၃၄ | ၈၆ | |
| ၃ | စစ်ကိုင်း | ၂၀ | ၁၇ | ၁၉ | ၅၆ | |
| ၄ | မန္တလေး | ၁၈ | ၂၁ | ၃၀ | ၆၉ | |
| ၅ | ကချင် | ၁၄ | ၁၀ | ၁၈ | ၄၂ | |
| ၆ | တနင်္သာရီ | ၁၄ | ၆ | ၁၁ | ၃၁ | |
| ၇ | မကွေး | ၁၂ | ၁၁ | ၁၅ | ၃၈ | |
| ၈ | ဧရာဝတီ | ၁၁ | ၂၄ | ၂၇ | ၆၂ | |
| ၉ | ပဲခူး | ၆ | ၂၀ | ၂၃ | ၄၉ | |
| ၁၀ | ကရင် | ၆ | ၇ | ၂၆ | ၃၉ | |
| ၁၁ | မွန် | ၅ | ၉ | ၉ | ၂၃ | |
| ၁၂ | နေပြည်တော် | ၄ | ၄ | ၈ | ၁၆ | |
| ၁၃ | ရခိုင် | ၃ | ၁၁ | ၁၃ | ၂၇ | |
| ၁၄ | ချင်း | ၂ | | ၆ | ၈ | |
| ၁၅ | ကယား | ၁ | ၄ | ၅ | ၁၀ | |
| | စုစုပေါင်း | ၂၀၄ | ၂၀၄ | ၂၇၄ | ၆၈၂ | |

# ပုံနှိပ်ထုတ်ဝေပြီးစီးသောအဋ္ဌကထာကျမ်းစာအုပ်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တက်ရောက်



မန္တလေး ဒီဇင်ဘာ ၁၇

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးနှင့်အတူ မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ်သို့ရောက်ရှိပြီး မစိုးရိမ်တိုက်သစ်မဟာနာယကဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသရာဘိဝံသအား ဖူးမြော်၍ ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေကို မေးမြန်းလျှောက်ထားပြီး လှူဖွယ်ပစ္စည်းနှင့် နဝကမ္မဝတ္ထုငွေတို့အား ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မစိုးရိမ်တိုက်သစ် ဓမ္မစေတီယကျောင်း၌ကျင်းပသည့် ကွန်ပျူတာစာမူဖြင့် ပုံနှိပ်ထုတ်ဝေပြီးစီးသည့် အဋ္ဌကထာကျမ်းစာအုပ် ၁၅ အုပ်တို့ကို ပရိယတ္တိစာသင်တိုက်ကြီး ၅ တိုက်တို့မှ ဆရာတော်များအား ဆက်ကပ်လှူဒါန်းပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ်မဟာနာယက အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အဋ္ဌကထာကျမ်းစာအုပ်များ ကွန်ပျူတာစာစီမှုဖြင့် ပုံနှိပ်ထုတ်ဝေရေး စီစဉ်ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်က သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ယခုကဲ့သို့ ဆဋ္ဌသင်္ဂါယနာတင်ပိဋကတ ၃ ပုံ အဋ္ဌကထာ၊ ဋီကာတို့အား ခဲစာလုံးမူမှ ကွန်ပျူတာစာမူသို့ ပြောင်းလဲပုံနှိပ်ခြင်းသည် သာသနာတော်ကြီးနှင့် သံဃာတော်ရဟန်းရှင်လူများအတွက် များစွာကောင်းမွန်၍ အကျိုးသက်ရောက်မှုရှိပါကြောင်း၊ ပြီးဆုံးအောင်မြင်အောင်လည်း ဆက်လက်ဆောင်ရွက်သွားစေလိုပါကြောင်း မိန့်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးတို့က အကျိုးတော်ဆောင်ဆရာတော်ကြီးအမှူးပြုသော ဆရာတော်အရှင်သူမြတ်များထံ ဓမ္မစေတီကျမ်းစာအုပ်များနှင့် သင်္ကန်း စသောလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး မဟာဓမ္မိကာရာမတိုက် မိတ္ထီလာကျောင်းဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုဇနပီယထံသို့ အဋ္ဌကထာကျမ်းစာအုပ် ၁၅ အုပ်နှင့် ပရိက္ခရာတို့ကို လှူဒါန်းကာ နံ့သာမြိုင်ဗိုလ်ကျောင်းဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသထံ သွားရောက်ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

# ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် သွားရောက်ကြည့်ရှုစစ်ဆေး





နေပြည်တော် ဒီဇင်ဘာ ၁၇

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပါမောက္ခချုပ်၊ ဌာနမှူးများနှင့်တွေ့ဆုံရာ ပါမောက္ခချုပ်က ကျောင်းဆိုင်ရာများနှင့် ပင်မသုံးထပ်ဆောင် တည်ဆောက်နေမှုအခြေအနေများ၊ တည်ဆောက်ရေးကုမ္ပဏီ တာဝန်ရှိသူတစ်ဦးက တည်ဆောက်ရေးလုပ်ငန်းများ၏ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ဆောင်ရွက်ရမည့် ကိစ္စရပ်များကို စနစ်တကျစီမံချက်ရေးဆွဲပြီး လုပ်ဆောင်ကြရန်၊ လက်တွေ့ခန်းများကို သင်ရိုးညွှန်းတမ်းနှင့်အညီ ဖြည့်ဆည်း၍ ကျောင်းသား၊ ကျောင်းသူများ စနစ်တကျ လေ့လာသင်ယူနိုင်သော သင်ကြားသင်ယူမှု ဝန်းကျင်ကောင်းများ ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ကုမ္ပဏီများမှ လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့် အရည်အသွေးမီအောင် အလေးထားဆောင်ရွက်ကြရန်နှင့် အချိန်မီပြီးစီးနိုင်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အဆောက်အအုံရှိ အခန်းများဖွဲ့စည်းထားရှိမှုအခြေအနေများ၊ တည်ဆောက်ရေးလုပ်ငန်းခွင်၊ အားကစားကွင်း၊ ဘောလုံးကွင်းနှင့်ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

## (၁၇-၁၂-၂၀၂၄) ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၃၆၀,၀၀၀)ကျပ်** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦးကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## AFF MITSUBISHI ELECTRIC CUP 2024

### ဘောလုံးပြိုင်ပွဲ မြန်မာ့ရုပ်မြင်သံကြားမှတိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၁၇

AFF MITSUBISHI ELECTRIC CUP 2024 ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် မြန်မာအမျိုးသားလက်ရွေးစင်ဘောလုံးအသင်းနှင့် လာအိုအမျိုးသားလက်ရွေးစင်ဘောလုံးအသင်းတို့သည် ဒီဇင်ဘာလ ၁၈ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ MRTV-HD Channel၊ MRTV Parliament Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ ညနေ ၄ နာရီ ၄၅ မိနစ်မှစတင်ပြီး တိုက်ရိုက် (Live) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တွေ့ဆုံ



နေပြည်တော် ဒီဇင်ဘာ ၁၇

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၌ ကျင်းပရာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်အဖွဲ့များ၊ ကောင်စီဝင်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနတွင် အင်ဂျင်နီယာပညာရှင်၊ နည်းပညာရှင်၊ နည်းပညာကျွမ်းကျင်သူ စုစုပေါင်း ၁၄၈၂ ဦးရှိသဖြင့် အင်ဂျင်နီယာကောင်စီ၏ အသိအမှတ်ပြု မှတ်ပုံတင်လက်မှတ်ရရှိရေး လျှောက်ထားစေလျက်ရှိကြောင်း၊ စည်းမျဉ်းနှင့်အညီ ထိန်းကျောင်းကြပ်မတ်ရန် တာဝန်ပေးအပ်ခံရသည့် ဝန်ထမ်းများ၏ အရည်အသွေး တိုးတက်မြင့်မားစေရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စက်မှုလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် စက်မှု လျှပ်စစ်၊ အီလက်ထရွန်နစ်၊ ဓာတု၊ သတ္တု၊ ချည်မျှင်နှင့်အထည်၊ အင်ဂျင်နီယာ စသည့်ဘာသာရပ်များနှင့် ပတ်သက်၍ ပုံစံစစ်ဆေးအတည်ပြု (Plan Approval) ပေးရမည့် အင်ဂျင်နီယာများ လိုအပ်လျက်ရှိ၍ မွေးထုတ်ပေးနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းမှ မွေးထုတ်ပေးခဲ့သည့် အင်ဂျင်နီယာများ အလုပ်အကိုင်ရရှိရေးအတွက်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌက ကောင်စီ၏ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များ၊ အင်ဂျင်နီယာများ၏ အရည်အသွေးပြည့်မီစေရေးအတွက် ဆောင်ရွက်လျက်ရှိသည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများမှ အင်ဂျင်နီယာပညာရေးမြင့်မားတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ပြည်တွင်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့်အချက်အလက်များကို ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားများ ဆက်လက်ကျင်းပ



နိုင်ငံတော်ဖွံ့ဖြိုးရေးကိုယ်စားပြုအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အမျိုးသား အသက် ၃၅ နှစ်အောက် တင်းနစ်အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အမျိုးသမီးအသက်၂၅ နှစ်အောက် ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအား ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၇**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာ အားကစားကွင်းနှင့် အားကစားရုံများ၌ကျင်းပသည်။

ဦးစွာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသား၊ အမျိုးသမီး အသက် ၃၅ နှစ်အောက် တင်းနစ် ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း တင်းနစ်အားကစားပြိုင်ပွဲရုံ၌ကျင်းပရာ နိုင်ငံတော်ဖွံ့ဖြိုးရေးကိုယ်စားပြုအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း အမျိုးသမီး (၆၄)ကီလိုတန်း အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အမျိုးသမီး အသက် ၂၅ နှစ်အောက် ဘောလုံးပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များအား ဆုပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ် အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးရေးကိုယ်စားပြုအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းက အမျိုးသား အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ် အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော်အထိမ်းအမှတ်အရုပ်များ အား ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် အမျိုးသမီးအသက် ၂၅ နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ကို နေပြည်တော်ရှိ ရွှေကြာပင်အားကစားကွင်း၌ ကျင်းပရာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦး၊ အားကစား နှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမင်းသိန်း၏၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ လူမှုရေးရာ ဝန်ကြီးများနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများနှင့် ဘောလုံး ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ခုံသမာဓိဆပ်ကော်မတီမှ ဦးထွန်းလှအောင်နှင့် ဦးဘန်နီတင်အောင်၊ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်တို့က နေရာအလိုက်အကောင်းဆုံး ဆုရရှိကြသူများကို တစ်ဦးချင်းအကောင်းဆုံး ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြခဲက တတိယဆုရရှိသည့်ဧရာဝတီတိုင်းဒေသကြီး အသင်းမှ အားကစားသမားများကိုလည်း ကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏က ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ အားကစားသမားများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦးက ပထမဆု ရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ အားကစားသမားများကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ် များအား ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် အမျိုးသား၊ အမျိုးသမီးအသက် ၃၀ နှစ်အောက် အလေးမပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ် များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း အလေးမ အားကစားရုံ၌ကျင်းပရာ သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးတင်ဦးလွင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးလှမိုး၊ လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ ဒုတိယ ဝန်ကြီးများ၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက အမျိုးသမီး(၅၉) ကီလိုတန်း အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိ သည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် တတိယဆု ရရှိသည့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များ

ကိုလည်းကောင်း၊ အမျိုးသမီး (၆၃) ကီလိုတန်း အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင် များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အမျိုးသား(၇၃)ကီလိုတန်း အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊

များကိုလည်းကောင်း၊ အမျိုးသား (၈၆) ကီလိုတန်းအလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်နှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် အမျိုးသား(၈၆)ကီလိုတန်းအလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးလှမိုး အမျိုးသား (၇၃)ကီလိုတန်း အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

များမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများတက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်က အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ မွန်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်က ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက ပထမဆုရရှိသည့် မွန်ပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌက အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က ဒုတိယဆုရရှိသည့်



ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အမျိုးသမီးအသက် ၃၅ နှစ်အောက် တင်းနစ်အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အမျိုးသားအသက် ၂၅ နှစ်အောက် စားပွဲတင်တင်းနစ်အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များအား ဆုပေးအပ်ချီးမြှင့်စဉ်။



အမျိုးသား(၈၁) ကီလိုတန်းအလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က အမျိုးသား (၈၉) ကီလိုတန်း အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင် များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ပြည်နယ်နှင့်တိုင်းဒေသကြီး အဆင့် အမျိုးသား၊ အမျိုးသမီးအသက် ၂၅ နှစ်အောက် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့အားကစားခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ လူမှုရေးရာဝန်ကြီးများ၊ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်း

မန္တလေးတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်က ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ် အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသား ၂၁ နှစ်အောက် ဘောလုံးပြိုင်ပွဲ၊ ဝူရှူးပြိုင်ပွဲ၊ ကရာတေးပြိုင်ပွဲ၊ ရိုးရာခြင်းလုံးပြိုင်ပွဲနှင့် ဘိလိယက်/ စနူကာပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကို ဒီဇင်ဘာလ ၁၈ ရက်တွင် သက်ဆိုင်ရာ အားကစားရုံများနှင့် အားကစားကွင်းများ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး ပြည်နယ်နှင့်တိုင်းဒေသကြီး အဆင့် အမျိုးသမီးအသက် ၂၅ နှစ်အောက် စားပွဲတင်တင်းနစ်အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်အသင်းမှပြိုင်ပွဲဝင်များကို ဆုပေးအပ်ချီးမြှင့်စဉ်။

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


## More travellers flock to Myit Kanggyi Village for authentic village-based tourism experience



MANDALAY December 17

Myit Kanggyi Village, which has developed village-based tourism, has seen a large number of domestic and foreign travellers visiting it, said U Maung Maung Lay, the leader of the Irrawaddy Dolphin Conservation Group.

Among the villages that have developed tourism, Myit Kanggyi Village in Singu Township, Mandalay Region is one of the villages that are currently attracting travellers.

"Now, tourists visiting Myit Kanggyi Village also visit the Irrawaddy Dolphins that live and graze in Singu Township," he continued.

In the first week of February, only over 100 travellers visited Myit Kanggyi Village in Singu Township daily, but since the second week of February, the number of local travellers has increased to over 200 per day.

"Village-based tourism is developed in Sin Kyun Village, Aye Kyun Village, Myey Kyun Village, and Sein Pang Gone Village in Madaya Township, and in Myit Kanggyi Village and Sae Thae Village in Singu Township, Mandalay Region and in Ywar Thit Village, Tagaung Village, and Shein Makar Village in Wetlet Township, Sagaing Region," he continued. **SK**

## Coffee plantation of Taninthayi reaches over 3,000 acres in this FY



TANINTHAYI December 17

According to the regional Department of Agriculture, a total of 1,874 acres of lowland coffee (Robusta) that is marketable in international markets were added this year in Taninthayi Region.

The coffee plantation acres reached 3,022 in the 2024-2025 financial year, up from 1,148 acres in the 2023-2024 FY. Coffee plantations cover 470 acres in Dawei District, 1,200 in Myeik, 845 in Bokpyin and 507 in Kawthoung. As of November, 53 acres can be harvested, with an estimated production of 6,760 visses (127 visses per acre). Last year's output was 43,386 viss from 290 acres.

Robusta thrives in regions around the equator so it is suitable for Taninthayi Region. They can be harvested during four to five years of cultivation. The harvest season is from December to January. Myanmar exports coffee beans to foreign markets," said an official of the department.

Coffee is grown between perennial crops (rubber and betel plants) under an intercropping system. The department provides seedlings and technical assistance to growers to help increase their income, create jobs for locals and enhance the socio-economic status of the community. **SK**

## Shwebo District completes harvesting of more than 1,000 acres of sunflower

SHWEBO December 17

Local farmers are reaping 1,074 acres of sunflowers in Shwebo District of Sagaing Region, according to the statistics of Shwebo District Agriculture Department.

The district has planted 1,117 acres of sunflower in monsoon of this year. Starting from August 2024, they harvest sunflower, and so far, they have reaped 1,074 acres of sunflower, yielding 24.09 baskets per acre.

Daw Zar Zar Min, Assistant Director of Shwebo District Agriculture Department, disclosed: "Shwebo District could plant 1,117 acres of sunflowers as monsoon crops this year. Now, farmers are harvesting these plantations. Now, they have harvested 1,074 acres of sunflower. Cultivation of sunflower aims to reduce import of palm oil abroad. Sunflower can yield larger volume of oil than groundnut and sesame."

In Shwebo District, Shwebo Township harvested 53 acres of sunflower, KhinU Township 784 acres, Wetlet Township 201 acres and Kyaukmyaung 36 acres, totalling 1,074.

Relevant Township Agriculture Departments conduct farmer awareness for enhancement of capacity of local farmers and agricultural staff to grow sunflowers in the respective townships.

This year, local authorities arrange supply of quality sunflower seeds and urea fertilizers to local farmers. **SMK**

## Local farmers complete harvest of groundnut in Katha District

KATHA December 17

A total of 594 acres of groundnut has been harvested in Katha District of Sagaing Region, according to the statistics of Katha District Agriculture Department.

In 2024-2025 monsoon season, local farmers planted 744 acres of groundnut in Katha District. They started harvest of groundnut in August and so far have harvested 594 acres of groundnut plantations. It yielded 42.38 baskets of groundnut per acre.

U Myint Soe, Head of District Agriculture Department commented: "This year, Katha District could grow 744 acres of groundnut. Now, local farmers are harvesting groundnut plantations. So far, they have harvested 594 acres of crops. Oil crops are thriving in the district. Sown acreage of groundnut is on the rise yearly."

In Katha District, Katha Township harvested 184 acres of groundnut, Htigyaing Township 32 acres and Bamauk Township, 378 acres, totalling 594.

Farmers need to use 1.5 baskets of quality seeds per acre for growing groundnut and they have to spend more than Ks-200,000 per acre for quality seeds of groundnut, labour charge, fertilizers and pesticides. The crop can yield more than 40 baskets per acre.

This year, officials of the relevant Township Agriculture Department help local farmers nurture groundnut plants for thriving, prevent pests and weed crop plantation for increased per-acre yield. **SMK**

# Kanbalu Township finishes cultivation of more than 30,000 acres of black bean in cold season

KANBALU December 17

Statistics of Kanbalu Township Agriculture Department stated that a total of 31,222 acres of black gram has been planted in Kanbalu Township of Sagaing Region this year.

In 2024-2025 cold season, the township authorities earmarked 38,437 acres of black gram but local farmers started cultivation of crops in October this year. They have planted 31,222 acres of black gram against the target cultivation.

U Myo Zaw, Head of Kanbalu Township Agriculture Department clarified: "Officials of the township set a plan to grow more than 38,000 acres of black gram this year. Local farmers so far have planted over 31,000 acres of crops. Our department assists in growing black gram in the township to meet the target cultivation. Moreover, we help local farmers use agricultural techniques and prevent pests."

This year, officials of the Township Agriculture Department raise farmer awareness of growing black gram with use of quality strains of crops, correct agricultural techniques, prevention of pests, systematic broadcasting of fertilizers to increase per-acre yield of crops.

Official of the Township Agriculture Department cooperate with local farmers to work in concert for increasing per-acre yield of crops with post-harvest technology.

**SK**

## More than 1,000 acres of vegetables cultivated in YeU Township

YEU December 17

YeU Township Agriculture Department stated that local farmers have planted 1,560 acres of vegetables as cold season crops this year in YeU Township of Sagaing Region.

In 2024-2025 cold season, local authorities earmarked 4,044 acres of vegetables in YeU Township, 1,560 acres of which has been planted in the croplands.

U Zaw Myint Tun, Head of YeU District Agriculture Department explained: "Township authorities earmarked cultivation of more than 4,000 acres of vegetables in YeU Township this cold season but local farmers have so far planted more than 1,000 acres of crops. They grow mustard, chilli, spicy, potato, eggplant, cabbage, cauliflower and other crops. We help local farmers use GAP system for cultivation of crops so as to produce healthy crops with least chemical residues."

This year, the Township Agriculture Department conducted the training course for enhancement of capacity of local farmers and agricultural staff to grow vegetables successfully and to produce healthy crops with expansion of sown acreage.

**SMK**

# Tomato from Shan State marketable in the local market



NYAUNGSHWE December 17

Price of Myanmar sour tomato produced from central Inle in Shan State's Nyaungshwe Township has fallen and the trade has increased in the meantime.

At present, the tomato's farm price has declined nearly half and the demand has been on the rise.

"Currently, the Myanmar sour tomato price has climbed down. So, brokers have made repeated purchases and the demand has been on the rise. Price per viss was Ks-6,000 a month ago but dropped nearly half now," said Ko Zaw Nyi Nyi Aung, a tomato farmer from central Inle in Nyaungshwe Township.

Due to the weather, just one third of tomato plantations could make this year and the yield declined. It will need to wait and see the price over next months, he said.

"This year's production wasn't good due to the weather. High rainfalls hindered plants from producing blossoms, just one third of plantations could produce fruits. Brokers come to farms to purchase and then transport to Nyaungshwe, from there, tomatoes are distributed to other regions and states. It is uncertain to say about the tomato price so we will need to wait and see over next months," he said.

**SMK**

# More than 60,000 viss of broiler sent to Yangon market

PANTANAW December 17

Businesspersons from Pantanaw Township of Ayeyawady Region supplied 68,000 viss of broilers to Yangon market, said Daw Nyo Nyo, the owner of livestock breeding product wholesale centre in Pantanaw Township.

They sent 45,000 viss of broiler to Yangon market in September but 68,000 viss in November. Merchants purchase domestic broilers in Pantanaw Township and sell it to Yangon market.

Daw Nyo Nyo commented: "Merchants sell live broilers to Yangon market. In this regard, they sent broilers weighing 68,000 viss to Yangon in October alone. They could send more weight of chicken and having higher prices. So, local merchants dispatch broilers to Yangon by trucks. Due to high demand and prices, local poultry farmers are convenient in their livelihoods."



Local farmers are engaging in broiler farming in addition to other livestock farming tasks. Broilers from the township flow into Yangon market. So, those in the livestock and production chains can earn increased incomes.

**SK**

# Ayadaw Township grows over 1,000 acres of winter sunflowers

AYADAW December 17

A total of 1,180 acres of sunflowers have been planted at the time of winter crops planting season in Ayadaw Township, Monywa District, Sagaing Region, according to statistics from Department of Agriculture for Monywa District.

During the 2024-2025 winter crops planting season, 2,725 acres of winter sunflowers are planned to be planted in Ayadaw Township, and since October this year, 1,180 acres have been planted.

"We are working to reach the target area. In order to reduce the amount of palm oil imported from abroad, we are expanding the cultivation of sunflower, which is an oilseed crop. The oil production of sunflower, which is an oilseed crop, is more than that of peanuts and sesame. They only plant sunflower in the winter," said Daw San San Myint, head of the Department of Agriculture for Monywa District.

It is reported that the Department of Agriculture of the township is speeding up the educational courses in order to expand the cultivation of sunflower in Ayadaw Township. **SK**

# Multiple airline services impacted after massive earthquake hits Vanuatu



Multiple airline services impacted after massive earthquake hits Vanuatu.

SYDNEY December 17

Multiple airlines have had to cancel or divert their scheduled flights to and from Vanuatu after a massive earthquake struck its capital city Port Vila on Tuesday.

A 7.3-magnitude earthquake struck Port Vila on Tuesday, causing "considerable damage" to some buildings, including a shared diplomatic mission, and at least one person was reported dead.

Australia's national airline Qantas diverted a flight bound for Port Vila from Brisbane, instead sending it on a return trip to New Caledonia's capital of Noumea, said the Australian Broadcasting Corporation (ABC).

The airline said on its website that due to an earthquake near Port Vila, it is currently assessing its operations and will provide a further update as soon as possible.

"Due to earthquake activity in Vanuatu and reports of possible damage to Port Vila Airport infrastructure, our return flight between Sydney and Port Vila will not operate on Wednesday (December 18, 2024)," said Australia's Jetstar on its website.

Virgin Australia has also cancelled its flights scheduled to and from Port Vila on Tuesday and Wednesday in accordance with the flight information shown on its website. It says guests booked to fly to and from Vanuatu on Tuesday and in the coming days should closely monitor their flight information.

Fiji Airways had to turn a flight around in mid-air because its pilot was unable to contact Port Vila's airport to land, said the ABC.

**Xinhua**

# China eases visa-free transit rules to boost openness, int'l exchanges

BEIJING December 17

China announced on Tuesday a significant relaxation of its visa-free transit policy, aiming to further boost international openness and people-to-people exchanges.

The National Immigration Administration (NIA) said the permitted stay for eligible foreign travelers has been extended from the previous 72 and 144 hours to 240 hours, or 10 days.

The move, effective immediately, also includes a substantial expansion of designated ports and travel regions, enhancing flexibility for international visitors.

Under the updated policy, eligible citizens from 54 countries, including Russia, Brazil, Britain, the United States, and Canada, can enter China visa-free when transiting to a third country or region.

These travelers can now enter through any of the 60 ports across 24 provinces, regions, and municipalities -- up from 39 ports in 19 provincial-level regions -- and stay within the designated areas for up to 240 hours.

"Compared with the previous 72- and 144-hour visa-free transit policies, a notable feature of the policy adjustment is the introduction of cross-regional travel, allowing foreign visitors to move freely across the designated areas of 24 specified provincial-level regions," said Liu Jia, deputy director-general of the Department of Foreigner Management under the NIA.

Liu added that the updated policy allows foreign travelers to better plan their itineraries and arrange flexible travel routes, enabling multi-destination tourism and business activities across various regions.

The new measures have already garnered interest from international travelers. Just about one hour after the announcement, Luke Paul De Mena, an American tourist, inquired about the new 240-hour visa-free procedures at Wuhan Tianhe International Airport in central China's Hubei Province.

**Xinhua**

# Israel to impose military rule on Gaza after war



Israel to impose military rule on Gaza after war.

JERUSALEM December 17

Israeli Defence Minister Israel Katz said on Tuesday that his country will continue to rule over Gaza militarily after the ongoing war.

Katz said on social media X that once Israel defeats Hamas's military power and ruling power in Gaza, Israel will control security in Gaza "with full freedom to act," just as in the West Bank.

"We will not allow any terrorist activity against Israeli communities and citizens from Gaza. We will not allow a return to the reality before October 7," he said.

**Xinhua**

## Over 200 volunteers feared missing in Cyclone Chido-stricken Mayotte: IFRC

GENEVA December 17

The International Federation of Red Cross and Red Crescent Societies (IFRC) expressed concern on Tuesday over the fate of more than 200 of its volunteers feared missing on Mayotte, a French Indian Ocean territory, after Cyclone Chido devastated the islands.

"Winds of up to 220 km/h caused by Cyclone Chido have devastated the French overseas territory of Mayotte. It's feared that more than 200 ... volunteers are missing," IFRC said on X.

Cyclone Chido, which slammed into the island of Mayotte on Saturday, has killed at least 14 people and caused immense damage to the island, French media reported Sunday.

IFRC spokesman Tommaso Della Longa expressed deep concern over the large number of people still unaccounted for following Cyclone Chido's devastation of Mayotte.

In a television interview, he revealed that over 200 volunteers from the French Red Cross are among the missing, with no communication established since the cyclone struck.

He added that French Red Cross teams had already been deployed, along with humanitarian aid, in preparation for the disaster, arriving on the islands the week before the cyclone made landfall.

**Xinhua**

# Cyclone Chido kills 7, impacts nearly 35,000 in Malawi

LILONGWE December 17

The death toll from Tropical Cyclone Chido's remnants in Malawi rose to seven, with nearly 35,000 people stranded, the country's Department of Disaster Management Affairs (DoDMA) said Tuesday.

DoDMA Commissioner Charles Kalemba said in a statement that a total of seven deaths have been recorded in five districts, while approximately 34,741 people from 7,721 households have been affected, marking a sharp rise from Monday's report of 1,800 affected families.

According to the statement, the department also registered 16 injuries, and at least 20 councils in the southern and central regions, including the national capital of Lilongwe, have experienced "mild to severe damages."

The cyclone left a trail of destruction as it blew off roofs of dwelling houses and public infrastructure on the way.

The Malawian government, through the DoDMA, Malawi Red Cross Society and other agencies, has deployed standby resources for search and rescue exercises. Schools in southern Malawi, which were suspended Monday, reopened Tuesday after the authorities decided that it was safe to do so.

The Department of Climate Change and Meteorological Services said in a statement on Monday that Cyclone Chido, which made its landfall in neighboring Mozambique on Sunday, has exited Malawi and is no longer a threat to the southern African country.

The DoDMA has since decommissioned the search and rescue operations teams, which were earlier deployed to risk areas in anticipation of emergency in the wake of Cyclone Chido.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Existing EV batteries may last up to 40 percent longer than expected



Consumers' real-world stop-and-go driving of electric vehicles benefits batteries more than the steady use simulated in almost all laboratory tests of new battery designs, Stanford-SLAC study finds.

The batteries of electric vehicles subject to the normal use of real-world drivers – like heavy traffic, long highway trips, short city trips, and mostly being parked – could last about a third longer than researchers have generally forecast, according to a new study by scientists working in the **SLAC-Stanford Battery Center**, a joint center between Stanford University's **Precourt Institute for Energy** and **SLAC National Accelerator Laboratory**. This suggests that the owner of a typical EV may not need to replace the expensive battery pack or buy a new car for several additional years.

Almost always, battery scientists and engineers have tested the cycle lives of new battery designs in laboratories using a constant rate of discharge followed by recharging. They repeat this cycle rapidly many times to learn quickly if a new design is good or not for life expectancy, among other qualities.

This is not a good way to predict the life expectancy of EV batteries, especially for people who own EVs for everyday commuting, according to the study published December 9 in Nature Energy. While battery prices have plummeted about 90 percent over the past 15 years, batteries still account for almost a third of the price of a new EV. So, current and future EV commuters may be happy to learn that many extra miles await them.

"We've not been testing EV batteries the right way," said **Simona Onori**, senior author and an associate professor of energy science and engineering in the St**anford Doerr School of Sustainability**. "To our surprise, real driving with frequent acceleration, braking that charges the batteries a bit, stopping to pop into a store, and letting the batteries rest for hours at a time, helps batteries last longer than we had thought based on industry standard lab tests."

### A pleasant surprise

The researchers designed four types of EV discharge profiles, from the standard constant discharge to dynamic discharging based on real driving data. The research team tested 92 commercial lithium-ion batteries for more than two years across the discharge profiles. In the end, the more realistically the profiles reflected actual driving behavior, the higher EV life expectancy climbed.

Several factors contribute to the unexpected longevity, the study finds. A machine learning algorithm trained on all the data the team collected helped tease out the impacts of dynamic discharge profiles on battery degradation.

For example, the study showed a correlation between sharp, short EV accelerations and slower degradation. This was contrary to long-held assumptions of battery researchers, including this study's team, that acceleration peaks are bad for EV batteries. Pressing the pedal with your foot hard does not speed up aging. If anything, it slows it down, explained **Alexis Geslin**, one of three lead authors of the study and a PhD student in materials science and engineering and in computer science in Stanford's **School of Engineering**.

### Two ways to age


The research team also looked for differences in battery aging due to many charge-discharge cycles versus battery aging that just comes with time. Your batteries at home that have been sitting unused in a drawer for years will not operate as well as when you bought them, if they work at all.

"We battery engineers have assumed that cycle aging is much more important than time-induced aging. That's mostly true for commercial EVs like buses and delivery vans that are almost always either in use or being recharged," said Geslin. "For consumers using their EVs to get to work, pick up their kids, go to the grocery store, but mostly not using them or even charging them, time becomes the predominant cause of aging over cycling."

The study identifies an average discharge rate sweet spot for balancing time aging and cycle aging, at least for the commercial battery they tested. Luckily, that window is in the range of realistic consumer EV driving. Carmakers could update their EV battery management software to take advantage of the new findings and to maximize battery longevity under real-world conditions.

### Looking ahead

"Going forward, evaluating new battery chemistries and designs with realistic demand profiles will be really important," said energy science and engineering postdoctoral scholar **Le Xu**. "Researchers can now revisit presumed aging mechanisms at the chemistry, materials, and cell levels to deepen their understanding. This will facilitate the development of advanced control algorithms that optimize the use of existing commercial battery architectures."



The implications extend beyond batteries, the study suggests. Scientists and engineers could apply the principles to other energy storage applications, as well as to other materials and devices in physical sciences in which aging is crucial, like plastics, glasses, solar cells, and some biomaterials used in implants.

"This work highlights the power of integrating multiple areas of expertise – from materials science, control, and modeling to machine learning – to advance innovation," Onori said. **SR**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများယှဉ်ပြိုင်နေမှုမြင်ကွင်းပုံရိပ်များ





ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းလေးယောက်တွဲပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်နေမှုကို ပရိသတ်များက ကြည့်ရှုအားပေးစဉ်။





ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီး ဌာနအသင်းတို့ ယှဉ်ပြိုင်နေမှုကို ပရိသတ်များက ကြည့်ရှုအားပေးစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ကရင်ပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်စဉ်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ကရာတေးပြိုင်ပွဲတွင် ကရင်ပြည်နယ် အသင်းနှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်နေမှုကို ပရိသတ်များက ကြည့်ရှုအားပေးစဉ်။





# နှစ်နိုင်ငံပူးတွဲဆောင်ရွက်ပါက ကြီးကျယ်သောအရာများစွာကိုပိုင်ဆိုင်နိုင်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးပြော

**ပေကျင်း၊ နိုင်ငံရေး**

တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ နှစ်နိုင်ငံပူးတွဲဆောင်ရွက်ပါက ကြီးကျယ်သောအရာများစွာကို ပိုင်ဆိုင်နိုင်သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ဒီဇင်ဘာလ ၁၇ ရက်တွင်ပြောသည်။

တရုတ်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံအပေါ်ထားရှိသည့်မူဝါဒမှာ ပြောင်းလဲခြင်းမရှိကြောင်း၊ နှစ်နိုင်ငံကြားပူးပေါင်းဆောင်ရွက်မှု၏ရလဒ်များတွင် နယ်စပ်ဖြတ်ကျော်မူးယစ်ဆေးဝါးထိန်းချုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက်နိုင်မှုတို့လည်းပါဝင်ကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံသာဆက်လက်ပူးပေါင်းဆောင်ရွက်မည်ဆိုပါက ကြီးကျယ်သောအရာများစွာကို ပိုင်ဆိုင်နိုင်မည်မှာ မလွဲကေန်ဖြစ်ကြောင်း ဝမ်ယိကပြောထားသည်။

သို့သော် တစ်ဖက်တွင်မူ အမေရိကန်နိုင်ငံအနေဖြင့် ထိုင်ဝမ်ကျွန်းအရေးအပါအဝင် တရုတ်နိုင်ငံ၏ပြည်တွင်းရေးကိစ္စများတွင် တရားမဝင်နှင့်အကြောင်းအကျိုးဆီလျော်မှုမရှိသော ဖိနှိပ်ချုပ်ချယ်မှုများကိုမူ ပြတ်ပြတ်သားသားဆန့်ကျင်ကြောင်း ဝမ်ယိကပြောသည်။

ထို့ကြောင့် တရုတ်နိုင်ငံအနေဖြင့် နိုင်ငံ၏တရားဝင်အခွင့်အရေးများနှင့် အကျိုးစီးပွားများကိုကာကွယ်နိုင်ရေး၊ နိုင်ငံတကာဆက်ဆံရေး၏အခြေခံသတ်မှတ်ချက်များကိုကာကွယ်နိုင်ရေးတို့အတွက် ခိုင်မာပြင်းထန်သည့်တုံ့ပြန်မှုများဖြင့် ပြန်လည်တုံ့ပြန်သွားမည်ဖြစ်ကြောင်း ၎င်းကဆက်ပြောထားသည်။

ဒေါ်နယ်ထရမ့်က အမေရိကန်သမ္မတအဖြစ်ကျမ်းသစ္စာမကျိန်ဆိုမီတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးက ယခုကဲ့သို့ပြောလာခြင်းဖြစ်သည်။ **Ref: RTA**



# အမေရိကန်၌ ၁၅ နှစ်သမီး၏ကျောင်းတွင်းပစ်ခတ်မှုကြောင့် နှစ်ဦးသေဆုံး

**ဝါရှင်တန်ဒီစီ၊ မှူခင်း**

အမေရိကန်ပြည်ထောင်စု ဝစ္စကွန်ဆင်ပြည်နယ်ရှိကျောင်းတစ်ကျောင်း၌ အသက် ၁၅ နှစ်သာရှိသေးသည့် ကျောင်းသူတစ်ဦး၏ကျောင်းတွင်းပစ်ခတ်မှုကြောင့် လူနှစ်ဦးသေဆုံးကြောင်းသိရသည်။

အဆိုပါကျောင်းတွင်းပစ်ခတ်မှုသည် ဒီဇင်ဘာလ ၁၆ ရက်တွင်ဖြစ်ပွားခြင်းဖြစ်ပြီး သေဆုံးသူနှစ်ဦးမှာ ကျောင်းဆရာတစ်ဦးနှင့်အတန်းဖော်ကျောင်းသူတစ်ဦးတို့ဖြစ်သည်။ ထို့အတူ ပစ်ခတ်မှုကျူးလွန်သူကျောင်းသူကို အသက်သေဆုံးလျက်တွေ့ရှိရသည်ဟု ဖြစ်စဉ်ဖြစ်ပွားရာ မက်ဒီဆန်မြို့မှရဲမှူးရွှန်ဘန်းနက်ကပြောသည်။

ထိုပစ်ခတ်မှုဖြစ်ပွားသည့်နေရာသည် ကျောင်းသားအယောက် ၄၀၀ ခန့်တက်ရောက်နေသည့် ပုဂ္ဂလိကပိုင် Abundant Life Christian စာသင်ကျောင်းတွင်ဖြစ်ပြီး ပစ်ခတ်မှုကြောင့်ဒဏ်ရာရရှိသူ ခုနစ်ဦးရှိသည်ဟု ရဲမှူးကဆက်ပြောသည်။

ပစ်ခတ်မှုကျူးလွန်သူသည် ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်သွားသည့်ပုံစံရှိကြောင်းနှင့် အခင်းဖြစ်ပွားရာနေရာမှ ပစ္စတိုတစ်လက်ကိုတွေ့ရှိရကြောင်း ရဲမှူးကဆက်ပြောထားသည်။ အမေရိကန်၌ ကျောင်းတွင်းပစ်ခတ်မှုမှာ ဖြစ်ပွားလေ့ရှိသည့်ဖြစ်စဉ်တစ်ခုဖြစ်သော်လည်း အမျိုးသမီးငယ်များက ထိုသို့ပြစ်မှုကျူးလွန်သည်မှာ ရှားပါးဖြစ်စဉ်ဖြစ်ကြောင်းသိရသည်။ **Ref: TST**



# ဗာနူအာတူ၌ အလွန်အင်အားပြင်းငလျင်လှုပ်ခတ်မှုဖြစ်ပွား

**ဆစ်ဒနီ၊ သဘာဝဘေး**

ပစိဖိတ်ကျွန်းစုတစ်ခုဖြစ်သော ဗာနူအာတူ၌ ဒီဇင်ဘာလ ၁၇ ရက်တွင် အလွန်အင်အားပြင်းငလျင်တစ်ခုလှုပ်ခတ်မှုဖြစ်ပွားရာ ပေါ့ဗေလာမြို့တော်၌ အဆောက်အအုံများလှုပ်ခါမှုဖြစ်ပွားပြီး လူသေဆုံးမှုများလည်းရှိကြောင်းသိရသည်။

ပြင်းအား ၇ ဒသမ ၃ မဂ္ဂနီကျူရှိငလျင်တစ်ခုသည် ဗာနူအာတူ၏ပင်မကျွန်းဖြစ်သော အီဖိတ်ကျွန်းကမ်းရိုးတန်းမှ ကီလိုမီတာ ၃၀ အကွာရှိ မြေအောက်အနက် ၅၇ ကီလိုမီတာကိုဗဟိုပြု၍လှုပ်ခတ်ခြင်းဖြစ်သည်။

ထိုသို့ငလျင်လှုပ်ခတ်မှုကြောင့် တံတားနှစ်စင်းပြိုကျသည့်အပြင် မြေပြိုမှုတစ်ခုဖြစ်ပွားရာ လမ်းမပေါ်တွင်ရှိနေသော ဘတ်စကားတစ်စီးပေါ်သို့ မြေများကျရောက်သည့်အတွက် ကားထဲတွင်လည်း လူသေဆုံးသူများရှိနိုင်သည်ဟု ဒေသတွင်းရှိသတင်းထောက်များကပြောသည်။ **Ref: BP**

## သတင်းတိုကဏ္ဍ

# ဟူသီတို့က အစ္စရေးရှိပစ်မှတ်ကို အသံနှုန်းလွန်ဒုံးကျည်ဖြင့် အောင်မြင်စွာတိုက်ခိုက်

ယီမင်နိုင်ငံ၏ဒေသအများအပြားကို ထိန်းချုပ်ထားသော ဟူသီအဖွဲ့သည် ဒီဇင်ဘာလ ၁၆ ရက်တွင် အစ္စရေးနိုင်ငံ တဲအဗစ်မြို့အနီးရှိပစ်မှတ်တစ်ခုကို အသံနှုန်းလွန်ဒုံးကျည်ဖြင့် အောင်မြင်စွာတိုက်ခိုက်လိုက်နိုင်ကြောင်း ထုတ်ပြန်ထားသည်။

ထို့ပြင် ယခုတိုက်ခိုက်မှုသည် အောင်မြင်မှုရရှိကြောင်း ဟူသီအဖွဲ့ကထုတ်ပြန်ထားသော်လည်း အစ္စရေးကမူ နိုင်ငံဆီသို့ဦးတည်လာသောဒုံးကျည်တစ်စင်းကို ပိုင်နက်ဝေဟင်အတွင်းမဝင်လာမီမှာပင် ကြားဖြတ်ပစ်ချလိုက်နိုင်ကြောင်းထုတ်ပြန်ထားသည်။

အလားတူ ဟူသီတို့၏ဒုံးကျည်ဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးသူတစ်ဦးမျှမရှိဟု အစ္စရေးဘက်ကပြောထားသည်။ သို့သော် လူငါးဦးမှာမူ ဒုံးကျည်မှလွင့်စဉ်လာသော အစများထိမှန်မှုကြောင့် ဒဏ်ရာအနည်းငယ်စီရရှိကြောင်းသိရသည်။

ဟူသီအဖွဲ့သည် ပင်လယ်နီဒေသကိုပိတ်ဆို့ပြီး အစ္စရေးနိုင်ငံရှိပစ်မှတ်များကို ဒုံးကျည်များ၊ ဒရုန်းများဖြင့်ပစ်ခတ်မှုကို လွန်ခဲ့သောလပေါင်းများစွာကတည်းက လုပ်ဆောင်လာခြင်းဖြစ်သည်။ **Ref: RT**

# ထရမ့်က ဇီလန်စကီကို ကျမ်းသစ္စာကျိန်ဆိုပွဲသို့ ဖိတ်ကြားထားခြင်းမရှိဟုဆို

လာမည့်လတွင်ကျင်းပမည့် သမ္မတအဖြစ်ကျမ်းသစ္စာကျိန်ဆိုပွဲသို့ ယူကရိန်းသမ္မတဇီလန်စကီကိုဖိတ်ကြားထားခြင်းမရှိကြောင်း အမေရိကန်သမ္မတလောင်း ဒေါ်နယ်ထရမ့်ကပြောသည်။

သို့သော် ဇီလန်စကီအနေဖြင့် ထိုပွဲသို့တက်ရောက်ရန်ဆန္ဒရှိပါက လက်ခံတွေ့ဆုံသွားမည်ဖြစ်ကြောင်း ဒေါ်နယ်ထရမ့်က သမ္မတလောင်းအဖြစ်ပထမဆုံးလုပ်ဆောင်သော တရားဝင်သတင်းစာရှင်းလင်းပွဲ၌ပြောထားသည်။

ဒေါ်နယ်ထရမ့်သည် ပြင်သစ်သမ္မတအမ်မန်နူယယ်မက်ခရွန်နှင့်အတူ ဇီလန်စကီကို ပဲရစ်မြို့၌ ယခုလအစောပိုင်းတွင်တွေ့ဆုံကာ ယူကရိန်းပဋိပက္ခနှင့်ပတ်သက်၍ ဆွေးနွေးမှုများလုပ်ဆောင်ထားသည်။

ထိုသို့တွေ့ဆုံစဉ် ရုရှား-ယူကရိန်းပဋိပက္ခကို အမြန်ဆုံးအဆုံးသတ်စေရန် ၎င်းအနေဖြင့်လိုလားသည်ဟု ဒေါ်နယ်ထရမ့်ကပြောထားကြောင်းသိရသည်။ **Ref: RT**

# ဆိုင်ကလုန်းချီဒိုတိုက်ခတ်ရာ မေယော့ကျွန်းစု၌ ကယ်ဆယ်ရေးသမား ၂၀၀ ကျော်ပျောက်ဆုံးလျက်ရှိ

ဆိုင်ကလုန်းမုန်တိုင်းချီဒိုဝင်ရောက်တိုက်ခတ်သွားသည့် မေယော့ကျွန်းစု၌ ကယ်ဆယ်ရေးသမားအယောက် ၂၀၀ ကျော်ပျောက်ဆုံးလျက်ရှိကြောင်း နိုင်ငံတကာကြက်ခြေနီအဖွဲ့ချုပ်က ဒီဇင်ဘာလ ၁၇ ရက်တွင်ထုတ်ပြန်ထားသည်။

မုန်တိုင်းချီဒိုသည် ဒီဇင်ဘာလ ၁၄ ရက်တွင် မေယော့ကျွန်းစုသို့ဝင်ရောက်တိုက်ခတ်ခြင်းဖြစ်ပြီး ယခုအချိန်အထိသေဆုံးသူ ၁၄ ဦးကိုသာစာရင်းကောက်ယူနိုင်ပြီး သေဆုံးသူစုစုပေါင်း ၁၀၀၀ ကျော်နိုင်ဖွယ်ရှိသည်ဟု တာဝန်ရှိသူများကပြောသည်။

လက်ရှိတွင် မုန်တိုင်းချီဒိုတိုက်ခတ်မှုကြောင့် ပျောက်ဆုံးသူများစွာရှိနေဆဲဖြစ်ကြောင်း၊ ထိုပျောက်ဆုံးနေသူများထဲတွင် ကယ်ဆယ်ရေးသမားအယောက် ၂၀၀ ကျော်ပါဝင်နေကြောင်းနှင့် ယခုအချိန်အထိ မည်သူနှင့်မျှ အဆက်အသွယ်မရသေးကြောင်း ပြင်သစ်ကြက်ခြေနီအဖွဲ့ကပြောသည်။

ယခုအခါ အဆိုပါမုန်တိုင်းသည် မိုဇမ်ဘစ်နိုင်ငံသို့ဝင်ရောက်တိုက်ခတ်ရာ လူ ၃၄ ဦးကိုသေဆုံးထားစေကြောင်း သိရသည်။ **Ref: Xinhua**

# ဂျပန်က ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အဓိကအရင်းအမြစ်အဖြစ် ပြောင်းလဲနိုင်ရေးစီစဉ်

ဂျပန်အစိုးရသည် ၂၀၄၀ ပြည့်နှစ်အရောက်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို နိုင်ငံ၏အကြီးဆုံးသော စွမ်းအင်အရင်းအမြစ်အဖြစ်ပြောင်းလဲနိုင်ရေး စီစဉ်ထားကြောင်းသိရသည်။

စီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနကတင်သွင်းသည့် အဆိုပါအစီအစဉ်မူကြမ်းတွင် နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်နှင့် အခြားသောပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တို့ကို နိုင်ငံ၏အဓိကကျသောအရင်းအမြစ်အဖြစ် ပြောင်းလဲသွားမည်ဟုဖော်ပြထားသည်။

၂၀၂၃ ခုနှစ်အတွင်း ဂျပန်နိုင်ငံအနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကိုအသုံးပြုမှုသည် နိုင်ငံ့စွမ်းအင်လိုအပ်ချက်များအနက် ၂၂ ဒသမ ၉ ရာခိုင်နှုန်းသာရှိသည်။

ထို့ကြောင့် ၂၀၄၀ ပြည့်နှစ်အရောက်တွင် ယင်းသို့ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို နိုင်ငံ့စွမ်းအင်လိုအပ်ချက်များအနက် ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိရှိလာစေရန် ရည်မှန်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။ **Ref: Xinhua**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။




ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဒီဇင်ဘာ ၁၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **ဒီဇင်ဘာလ ၁၆ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့ နတ်လူထိပ်ပန်ရပ်ကွက် ချင်းတွင်းမြစ်အနီး၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ(ချက်ဆီ)(၃၂)ပီပါ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၈၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


ထို့အတူ မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်၊ မင်းဘူးခရိုင်၊ ပခုက္ကူခရိုင်နှင့် သရက်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၈)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မင်းဘူးမြို့နယ်ကျွဲချကျေးရွာ၌ တရားမဝင်ရေနံစိမ်း (၃၃)ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၅၀၀)ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၁၅၅၀၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၃၆၆/၆) တံခွန်တိုင်အဝိုင်းအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၉၁၅၅၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Scania Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၁၅၉၉၁၅၅၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၁၄၆) ရပ်ကွက်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားမဝင် ကျွန်းသစ် (သုည ဒသမ ၉၅၃) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၈၆၄၀) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Toyota Voxy မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ သာကေတမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် (၅)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၈၃၈၆၄၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့နယ်၊ သထုံမြို့နယ်၊ ရေးမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် (၅)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၅၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အေးရှား ဝေါလ် ကုန်သေတ္တာ စစ်ဆေးရေး စခန်း၌ ဖမ်းဆီးရမိမှု။

